# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | သနပ်ပင်မြို့နယ်၊ မင်းရွာ ARDC ခလပ်စုရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၃ |
| ၆ | မြစိမ်းရောင်စီမံကိန်းအား ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | မင်းဘူး(စကု)မြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော 33/11 KV 5 MVA မှန်တောင်ဓာတ်အားခွဲရုံ အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၈ |
| ၈ | Base Load ဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်လိုအပ်လျက်ရှိသော မြန်မာနိုင်ငံ အတွင်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၀ |
| ၉ | ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသရှိ ကျေးရွာကိုးရွာ လျှပ်စစ်မီးရရှိရေးစီစဉ်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၅ |
| ၁၀ | တောင်ငူ-လှိုင်ကော်-ဟိုပုန်း ပြည်ထောင်စုလမ်းမပေါ် ဆိုက်ခေါင်မှ တောင်ဘက် ကယားနယ်စပ်အထိ နှင့် (၂)မိုင်အတွင်းရှိကျေးရွာများအား ဓာတ်အားလိုင်း သွယ်တန်းပေးမည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော် ၏အဆုံး အဖြတ်ရယူခြင်း | ၂၁ |
| ၁၂ | ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က တင်သွင်းသည့် သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာ | ၂၈ |

| | | |
|---|---|---|
| | အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက် ပြန်လည် ဆန်းစစ သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှု များအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း | |
| ၁၃ | ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၅၃ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးနဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၅၈ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## အဌမနေ့ အစီအစဉ်

## [ ၁၀–၈–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ မင်းရွာ ARDC ခလပ်စုရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **မြစိမ်းရောင်စီမံကိန်းအား ပန်းတောင်းမြို့နယ်ရှိကျေးရွာများ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး (စကု) မြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော 33/11 KV 5 MVA မှန်တောင်ဓာတ်အား ခွဲရုံအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးတည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသရှိ ကျေးရွာ (၉) ရွာ လျှပ်စစ်မီးရရှိရေး စီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **Base Load ဖြစ်သော ရေအားလျှပ်စစ် စီမံကိန်းများကို လျှပ်စစ်လိုအပ်လျက်ရှိသော မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **တောင်ငူ–လွိုင်ကော်–ဟိုပုန်း ပြည်ထောင်စုလမ်းမပေါ် ဆိုက်ခေါင်မှ တောင်ဘက် ကယားနယ်စပ် အထိနှင့် (၂) မိုင်အတွင်းရှိ ကျေးရွာများအား ဓာတ်အားလိုင်း သွယ်တန်းပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **“သစ်တော ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“သစ်တော ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်က တင်သွင်းသည့် **“သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့် ပံ့ပိုးမှု များအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော်**

**ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(င) ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၊

(စ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၊

(ဆ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(ဇ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ဈ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ည) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ဋ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

(ဌ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(ဍ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

(ဎ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**
**အဌမနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋွေးဝင်း ခွင့် ၁ ရက်၊
(၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊
(၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊
(၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၅) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊
(၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၁ ရက်၊
(၇) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၈) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၉) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊
(၁၀) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊
(၁၁) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၁၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊
(၁၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊
(၁၄) ချောင်းဦးမဲဆန္ဒနယ်မှ ဦးမျိုး ခွင့် ၁ ရက်၊
(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၁ ရက်၊
(၁၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၁၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၁၈) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၁၉) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊

(၂၀) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၂၁) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်၊

(၂၂) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်နှင့်

(၂၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## သနပ်ပင်မြို့နယ်၊ မင်းရွာ ARDC ခလပ်စုရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။

သနပ်ပင်မြို့နယ် မင်းရွာ၊ ခလပ်စု ARDC ချောင်း ပြန်လည်ပြုပြင်တူးဖော်ရေးနှင့်ပတ်သက်လို့ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းရွာမှ ကုလားချောင်းကြီး ခလပ်စုအထိ ၁၆ မိုင်ခန့်ရှည်လျားတဲ့ ARDC ချောင်းကို ပဲခူး-စစ်တောင်းတူးမြောင်းကနေပြီးတော့ စစ်တောင်းမြစ်ကို သွယ်တန်းထားတာဖြစ်ပါတယ်။ ဒီချောင်းကို ၂၀၁၃ ခုနှစ်က ဆည်မြောင်းဦးစီးဌာန ကနေပြီးတော့ ပြန်လည်ပြီးတော့ တူးဖော်ပြုပြင်ပေးတဲ့အတွက် ချောင်းရိုးတလျှောက်မှာရှိတဲ့ မင်းရွာ၊ တာ၀၊ အောက်သောင်၊ အောက်ကတဲ၊ ခလပ်စု၊ ကုလားချောင်းကြီး ဝဲပြန်၊ ရွှေလှေစု၊ ညောင်ပင်စု စတဲ့ ကျေးရွာတွေနဲ့ ဆက်စပ်တဲ့ကျေးရွာတွေအတွက် အလွန်ပဲအသုံး၀င်ခဲ့ပါတယ်။ မိုးတွင်းအခါ ရေကြီးတာတွေ သက်သာပြီးတော့ နွေအခါမှာလည်း နွေစပါးစိုက်ပျိုးနိုင်ခဲ့တာတွေ ဖြစ်ထွန်းအောင်မြင်ခဲ့တာတွေ ဖြစ်ပါတယ်။ ဒီအပြင် လမ်းပန်းဆက်သွယ်ရေးကိုလည်း ပိုမိုကောင်းစေတဲ့အတွက် ဒေသဖွံ့ဖြိုးရေး အတွက်ကို အင်မတန်မှ အကျိုးဖြစ်ထွန်းစေခဲ့တာ ဖြစ်ပါတယ်။ ယင်းချောင်းဟာ အခုဆိုလို့ရှိရင် နုန်းများပို့ပြီးတော့ ပြန်လည်ကောလာနေတဲ့အတွက် ချောင်းရဲ့သဘောအရ အထက်ကနေပြီးတော့ အောက်ကို စစ်တောင်း-ပဲခူးတူးမြောင်းကနေပြီးတော့ စစ်တောင်းမြစ်ထဲကို စီးဆင်းရမယ့်အစား အထက်ကိုပြန်ဆန်ပြီးတော့ ပြောင်းပြန်စီးဆင်းနေတယ်လို့ သိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ချောင်းဟာ အင်မတန်အရေးကြီးတဲ့ချောင်းဖြစ်သော်လည်း အကျိုးမပြုတော့သလိုဖြစ်နေပါတယ်။ အထူးသဖြင့်တော့ ချောင်းရဲ့အောက်ပိုင်း ၂ မိုင်ခန့်ဟာ နုန်းများပိတ်နေတယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီချောင်းကြီးကို အမြန်ပြန်လည်တူဖော်ပေးရန်အတွက်ကို ဒေသခံပြည်သူတွေကလည်း ပြန်လည်တင်ပြကြပါတယ်။ ဒီချောင်းကိုပြန်လည်တူးဖော်ပေးမယ်ဆိုလို့ရှိရင် ချောင်းရိုးတလျှောက်မှာရှိတဲ့ ကျေးရွာတွေနဲ့ဆက်စပ်တဲ့ကျေးရွာ ၂၀ လောက်ဟာ ရေကြီးရေလျှံမှုတွေ သက်သာပြီးတော့ မိုးစပါးတွေပိုပြီးတော့ ဖြစ်ထွန်းစေမှာဖြစ်သလို နွေးစပါးများလည်း စိုက်ပျိုးအောင်မြင်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းပန်းဆက်သွယ်ရေးလည်း ပိုကောင်းစေတာဖြစ်တဲ့အတွက် ဒီချောင်းကိုတူးဖော်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် အင်မတန်အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒီအတွက် မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ် မင်းရွာ၊ ခလပ်စု ARDC ရိုးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ သနပ်ပင်မြို့နယ်၊ မင်းရွာ ARDC ခလပ်စုရိုးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်၊ မင်းရွာ ARDC ခလပ်စုရိုးဟာ ပဲခူး-စစ်တောင်းတူးမြောင်းရဲ့ တာမိုင်(၁၄/၂)မှာရှိတဲ့ မင်းရွာရေလွှဲပေါက်

မူကြမ်း

ကနေ စတင်စီးဆင်းပြီးတော့ စစ်တောင်းမြစ်အတွင်း စီးဝင်တဲ့ချောင်းတစ်ချောင်းဖြစ်ပါတယ်။ မင်းရွာ ARDC ခလပ်စုရိုးအလျား ၁၆ မိုင် တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါမှာ အဆိုပါရိုးဟာ ပြန်လည်တိမ်ကောလာတဲ့အတွက် မင်းရွာ၊ အောက်ကတဲ၊ အောက်သောင်၊ ဝဲပြန်၊ ရွှေလှေစု၊ ညောင်ပင်စု၊ ကုလားချောင်းကြီး၊ ခလပ်စုကျေးရွာမှာရှိတဲ့ လယ်မြေဧက ၂၀၀၀ ဟာ နှစ်စဉ် ရေကြီး နစ်မြုပ်မှုဒဏ်ခံစားနေရတဲ့အတွက် ပြန်လည်တူးဖော်ပေးရန် လိုအပ်တဲ့အခြေအနေရှိကြောင်း ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီခလပ်စုရိုးတူးဖော်မှု လုပ်ငန်းပမာဏအနေနဲ့ အလျား ၁၆ မိုင်ရှိပြီးတော့ မြေကြီးကျင်းပေါင်း ၂.၅၆ သိန်းခန့် တူးဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကတော့ ကျပ် ၈၉၃.၂ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း စိစစ်တွက်ချက်ရရှိပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ARDC ခလပ်စုရိုးတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်း လုပ်ငန်း ဦးစားပေးအစီအစဉ်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထားဆောင်ရွက်သွားမှာ ရှိပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**မြစိမ်းရောင်စီမံကိန်းအား ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဌာန၏ မြစိမ်းရောင်စီမံကိန်အား ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တွင် ကျေးရွာ များထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းချက် မှာ ကျိုးကြောင်းဖော်ပြတဲ့အခါမှာ အချက်အလက်များနှင့်ဖော်ပြလို၍ Power Point အသုံးပြုခွင့် ပေးပါရှင်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းရဲ့ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ခြောက်မျိုးဖြစ်ပါ တယ်။ မြို့နယ်ဧရိယာရဲ့ ၁၁ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးမြေရှိခြင်း၊ ကုန်ထုတ်ခြင်းနှင့်ကုန်သွယ်ခြင်း စတဲ့ စီးပွားရေးလုပ်ငန်းများမရှိတဲ့မြို့ ဖြစ်ခြင်းတို့ကြောင့် ဒီစီမံကိန်းရဲ့ ဦးစားပေးဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်တွေဟာ ပန်းတောင်းမြို့နယ်က ပြည်သူအများစုအတွက် လိုအပ်ချက်များဖြစ်ပါ တယ်။ ထိုစီမံကိန်းမှ ရရှိမည့်အကျိုးကျေးဇူး ၁၁ မျိုးဖြစ်ပြီး အများစုမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ကြောင်းပေါ်လွင်ပါတယ်။ ကျေးရွာပေါင်း ၂၁၀ ရှိတဲ့ ပန်းတောင်းမြို့နယ်မှာ ရွာ ၂၃ ရွာသာ

စီမံကိန်းရထားတာမို့ ကျန်ရွာတွေကလည်း ဒီအကျိုးကျေးဇူးများ လိုအပ်နေဆဲဖြစ်ပါတယ်။ စီမံကိန်း ရွေးချယ်သတ်မှတ်ချက်များဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်ထဲမှာ ဒီရွေးချယ်သတ်မှတ်ချက်များနှင့် ကိုက်ညီတဲ့ကျေးရွာများစွာ ကျန်ရှိနေသေးသလို လိုအပ်နေဆဲလည်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အပါအဝင် လူထုဗဟိုပြုစီမံကိန်းရရှိထားသောမြို့နယ်များတွင် မြစိမ်းရောင်စီမံကိန်းရရှိထားမှုအခြေ အနေတင်ပြချက်ဖြစ်ပြီး စီမံကိန်းနှစ်ခုတစ်ပြိုင်တည်း ဆောင်ရွက်နေသောကျေးရွာ ၁၅၈၆ ရွာဖြစ် ကြောင်းတွေ့ရှိနိုင်ပါတယ်။ ပန်းတောင်းမြို့နယ်မှာတော့ CDD ရရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ် နောက်ပိုင်း မှစ၍ မြစိမ်းရောင်စီမံကိန်းမရရှိတော့တာကြောင့် စီမံကိန်းအကောင်အထည်ဖော်မှုမှာ မညီမျှသလို ဖြစ်နေပါတယ်။ ပြည်/ခရိုင် ခြောက်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်နေသည့် ကျေးရွာ အရေအတွက်များဖြစ်ပါတယ်။ လူဦးရေ ၁၅၀၀၀၀ ကျော်ရှိတဲ့ ပန်းတောင်းမြို့နယ်ရဲ့ မြစိမ်းရောင် စီမံကိန်းရရှိမှုကတော့ ပြည်/ခရိုင်မှာအနည်းဆုံးဖြစ်နေသလို ရရှိတဲ့ကျေးရွာအရေအတွက်ကလည်း အလွန် ကွာခြားနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပန်းတောင်းမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်တစ်ရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၅ ရွာ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင်လေးရွာ စုစုပေါင်း ကျေးရွာပေါင်း ၂၃ ရွာမှာ ယူနစ်ပေါင်း ၂၀ သာရရှိပြီး နောင်နှစ်များမှာ အဆိုပါစီမံကိန်းထပ်မံတိုးချဲ့ လုပ်ကိုင်ခွင့်မပေးတော့ပါဘူး။ လူမှုစီးပွား အကြပ်အတည်းများကြောင့် ကျေးရွာအချို့မှပြည်သူများကလည်း မြစိမ်းရောင်စီမံကိန်းလိုအပ် ကြောင်း၊ လိုချင်ကြောင်း တင်ပြကြပါတယ်။ လူထုဗဟိုပြုစီမံကိန်းပေးသည်ဆိုခြင်းမှာလည်း အခြား မြို့နယ်များထက် ဖွံ့ဖြိုးမှုလိုအပ်နေခြင်းကြောင့် ဖြစ်ပါတယ်။ အခြားမြို့နယ်များနည်းတူ မြစိမ်းရောင် စီမံကိန်းတိုးချဲ့ဆောင်ရွက်မပေးရင် အခြားမြို့နယ်တွေမှာသာ လူမှုစီးပွားဘဝ ပန်းတောင်းမြို့နယ်က ပိုပြီးနိမ့်ကျနေမှာ ဖြစ်တဲ့အတွက် မြန်မာပြည်ရဲ့ ဖွံ့ဖြိုး တိုးတက်မှုမှာ ပန်းတောင်းမြို့နယ်မှ ပြည်သူ များမကျန်ရစ်စေရန်အတွက် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစိမ်းရောင်စီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ စီမံကိန်းကျေးရွာတွေအတွက် ရွေးချယ်မှုဟာ ဆင်းရဲနွမ်းပါးမှုနှုန်း၊ အကျိုးပြုကျေးရွာနှင့်လူဦးရေ၊ အခြားစီမံကိန်းဆောင်ရွက်မှုအခြေအနေများအပေါ်မှာ အခြေခံပြီး တော့ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းအလိုက် စီမံကိန်းအရေအတွက်ကို ခွဲဝေသတ်မှတ်ပေး ပါတယ်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကလည်းပဲ ဖော်ပြပါအညွှန်းကိန်းတွေအပေါ်မှာ အခြေခံပြီး မြို့နယ်အလိုက် စီမံကိန်းကျေးရွာများ ခွဲဝေလျာထားပေးပါတယ်။ မြို့နယ်အဆင့်မှာ လွှတ်တော်အသီးသီးက ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးတော့ ဖြန့်ဝေထားတဲ့ စီမံကိန်း

လက်စွဲပါ ကျေးရွာရွေးချယ်ရေးမူများနှင့်အညီ ပဏာမရွေးချယ်ပါတယ်။ မြို့နယ်အဆင့်ပဏာမရွေးချယ်ထားတဲ့ ကျေးရွာတွေကို သက်ဆိုင်ရာ မြို့နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များထံတင်ပြပြီး ယင်းအစိုးရအဖွဲ့တွေရဲ့ စိစစ်အတည်ပြုချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ခွင့်ပြုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်းတောင်းမြို့နယ်မှာဆိုရင် ကျေးရွာစုစုပေါင်း ၂၁၀ ရွာရှိပါတယ်။ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းကျေးရွာယူနစ်တစ်ယူနစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းကျေးရွာယူနစ် ၁၅ ယူနစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းကျေးရွာယူနစ်လေးယူနစ်နဲ့ စုစုပေါင်းစီမံကိန်းကျေးရွာ ယူနစ် ၂၀ အကျိုးပြုကျေးရွာ ၂၃ ရွာမှာ ဆောင်ရွက်လျက်ရှိပြီးတော့ လွှမ်းခြုံမှုရာခိုင်နှုန်းအားဖြင့် ၁၀.၉၅ ရာခိုင်နှုန်းရှိပါတယ်။ ပန်းတောင်းမြို့နယ်မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအပြင် လူထုဗဟိုပြုစီမံကိန်းကိုလည်း ကျေးရွာအုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၂၁၀ ရွာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီမံကိန်းရဲ့ လွှမ်းခြုံမှုက အားလုံး ၁၀၀ ရာခိုင်နှုန်းပြည့်ဖြစ်ပါတယ်။ စီမံကိန်းပထမစက်ဝန်းမှာ ထောက်ပံ့ရန်ပုံငွေ ကျပ် ၁.၃၂၂ ဘီလီယံနဲ့ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၀၁ ခုဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းဒုတိယစက်ဝန်းမှာ ထောက်ပံ့ရန်ပုံငွေကျပ် ၁.၃၄၄ ဘီလီယံနဲ့ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၅၄ ခုဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပန်းတောင်းမြို့နယ်မှာ မြစိမ်းရောင်စီမံကိန်းကျေးရွာထပ်မံတိုးချဲ့ရန် အစီအစဉ်နှင့်ပတ်သက်ပြီး ပန်းတောင်းမြို့နယ်မှာ မြစိမ်းရောင်စီမံကိန်းကို ကျေးရွာ ၂၃ ရွာမှာ ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် လူထုဗဟိုပြုစီမံကိန်းကိုလည်း ကျေးရွာများအားလုံးမှာ စီမံကိန်းစက်ဝန်းလေးနှစ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက်လည်းကောင်း၊ စီမံကိန်းများဆောင်ရွက်ခွင့်မရှိတဲ့ အခြားမြို့နယ်ရှိ ကျေးရွာများကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်တဲ့အတွက်လည်းကောင်း ပန်းတောင်းမြို့နယ်မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ထပ်မံတိုးချဲ့ဆောင်ရွက်ပေးဖို့အတွက် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါရှင်။ ကျွန်မအနေနဲ့ ဒီမေးခွန်းကို ပြန်ပြီးမေးချင်တာကတော့ ဒီဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာ လူထုဗဟိုပြုစီမံကိန်းလည်းရှိတယ်။ မြစိမ်းရောင်စီမံကိန်းတွေကို ထပ်ပေးဖို့အစီအစဉ်ကို ရှိ/မရှိကိစ္စမှာကတော့ သူတို့အစိုးရအဖွဲ့တွေရဲ့ စိစစ်အတည်ပြုချက်များနဲ့ ဆောင်ရွက်တယ်လို့ ဝန်ကြီးရဲ့ဖြေကြားချက်မှာ ပါပါတယ်ရှင့်။ အဲ့ဒီတော့ ကျွန်မရဲ့ဆက်စပ်မေးခွန်းက ဘာကိုမေးချင်တာလဲဆိုတော့ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ စီမံကိန်းနှစ်ခုကိုတစ်ပြိုင်တည်း ဆောင်ရွက်ဖို့သင့်/မသင့်ဆိုတာတွေဟာ ခုနတုန်းက အတည်ပြုချက်တွေမဟုတ်ဘူး။ စံသတ်မှတ်ချက်တွေရှိပြီးဖြစ်ပါသလား။ နောက်တစ်ခုနံပါတ်(၂) မေးခွန်းကတော့ အဲဒီသတ်မှတ်ချက်တွေနဲ့ စီမံကိန်းအကောင်အထည်တွေ ဖော်နေလို့ရှိရင် အဲဒီမှန်ကန်ခြင်း၊ မျှတခြင်းရှိ/မရှိကိုရော ပြန်လည်သုံးသပ်ခြင်း၊ သုတေသနပြုခြင်းများ

ရှိပါသလား။ အကယ်၍ လိုအပ်တယ်ဆိုလို့ရှိရင်ရော ဒီသတ်မှတ်ချက်တွေကို ခုနတုန်းက အတည်ပြု ချက်တွေကို ပြုပြင်ရန်အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းများကို ဆက်စပ်မေးခွန်းအဖြစ် ဆက်လက် မေးခွင့်ပြုပါရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး တစ်ချက်ချင်းပြန်လည် ရှင်းလင်းတင်ပြပါမယ်။ စီမံကိန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ရခြင်းဆိုတာ ဒီစီမံကိန်းအတွက် အဓိကကျတဲ့ ရန်ပုံငွေပေါ်မှာမူတည်ပြီးတော့မှ ဒီအကန့်အသတ်အတွင်းမှာ မြစိမ်းရောင်ဆိုရင် မြစိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုဆိုရင် လူထုဗဟိုပြုစီမံကိန်းကို အဓိကကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးမှာအကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ တွေ့ကြုံရတဲ့အတွေ့အကြုံများကို လည်းပဲ ပြန်လည်သုံးသပ်ပြီးတော့ အားနည်းချက်တွေကိုလည်းပဲ မိမိတို့ဝန်ကြီးဌာနက ပြန်လည်စိစစ် ပြီးတော့ ရှေ့ဒီလိုအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေတဲ့ အခြေအနေတွေလည်း ဖြစ်ပါတယ်။ ယခုမြစိမ်းရောင် စီမံကိန်းအတွက် ရွေးချယ်တဲ့အခါမှာ ကျွန်တော် တင်ပြခဲ့သလိုပဲ မြို့နယ်ကိုယ်စားလှယ်တွေအနေနဲ့ အဓိက Proposal နဲ့ ရပ်မိရပ်ဖများရဲ့ ထောက်ခံ တောင်းဆိုမှုကို အဓိကထားရွေးချယ်တဲ့အတွက်ကြောင့် ဒီလိုအစီအမံများရှိလာမယ်ဆိုရင် သက်ဆိုင်ရာ အောက်ခြေကနေတစ်ဆင့် မိမိရဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ အကျိုးအကြောင်းခိုင်လုံစွာဖြင့် တင်ပြဆောင်ရွက်သွားသင့်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းကို ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မင်းဘူး(စကု)မြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော 33/11 KV 5 MVA မုန်တောင်ဓာတ်အားခွဲရုံ အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများအတွက် အမှန်တကယ် လိုအပ်နေတဲ့ 33/11KV 5 MVA မုန်တောင်ဓာတ်အားခွဲရုံတည်ဆောက်ပေးရန်ကိစ္စနဲ့ ပတ်သက် ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ဟာ ကျေးရွာ အုပ်စု ၇၄ အုပ်စုရှိပြီးတော့ ကျေးရွာပေါင်း ၁၅၅ ရွာရှိပါတယ်။ အကယ်၍ ဒီမုန်တောင်ဓာတ်အားခွဲရုံ

သာတည်ဆောက်ပေးလိုက်မယ်ဆိုရင် အနီးအနားမှာရှိတဲ့ကျေးရွာပေါင်း ၁၉ ရွာလည်း မီးလင်းသွားမှာဖြစ်ပါတယ်။ အခုလိုမီးလင်းပေးလိုက်တဲ့ဓာတ်အားခွဲရုံတည်ဆောက်ပေးပြီးတော့ ဒေသခံပြည်သူတွေ လျှပ်စစ်မီးလင်းခွင့်ရလို့ရှိရင် သဘာဝပတ်ဝန်းကျင်သစ်တောပြုန်းတီးမှုကိုလည်း ထိန်းသိမ်းကာကွယ်ပြီးဖြစ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့မုန်တောင်ကျေးရွာဟာ ကျေးရွာကြီးဖြစ်ပြီးတော့ မုန်တောင်ကျေးရွာမှာဆိုရင် တိုက်နယ်ဆေးရုံ၊ နယ်မြေရဲစခန်း၊ အထက်တန်းကျောင်း ဒါတွေအားလုံးလည်း တည်ရှိပြီးဖြစ်သလို ဒေသခံပြည်သူတွေစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးနဲ့ တခြားလိုအပ်ချက်တွေကိုလည်း ပြည်သူ့အစိုးရကနေပြီးတော့ တတ်နိုင်သရွေ့ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ မုန်တောင်ဓာတ်အားခွဲရုံနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သွားရောက်ပြီးတော့တွေ့ဆုံညှိနှိုင်းတဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ ဝန်ကြီးကနေပြီး 66KV, 33 KV တို့ဟာ ပြည်ထောင်စုဘတ်ဂျက်ကနေပြီး လျာထားပြီးတော့ ဆောင်ရွက်ရတာဖြစ်ပါတယ်လို့ ပြောပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အမှန်တကယ်လည်းလိုအပ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ လျာထားတင်ပြနိုင်ရေးအတွက် ပြည်ထောင်စုကို ကြိုးစားပြီးတော့ တင်ပြပေးသွားပါ့မယ်လို့ ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့က အခု ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပါများလာမလားဆိုပြီးတော့ နဝမပုံမှန်အစည်းအဝေးတက်တော့ ဘတ်ဂျက်စာအုပ်တွေဝေတဲ့အခါမှာကြည့်တဲ့အခါမှာ မုန်တောင်ဓာတ်အားခွဲရုံပါမလာတာကို စိတ်မကောင်းစွာတွေ့ရပါတယ်။ ဒါကြောင့်မိုလို့ ဒေသခံပြည်သူတွေအတွက် အမှန်တကယ်လိုအပ်နေတဲ့ 33/11KV 5MVA မုန်တောင်ဓာတ်အားခွဲရုံအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရရှိနိုင်ရေးအတွက် ဦးစားပေးတည်ဆောက်ပေးသွားမည်ကို ဒေသခံမဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု)မြို့နယ် မုန်တောင်ကျေးရွာဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အလို့ငှာ မန်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ မုန်တောင်ကျေးရွာအထိကို 33 KV ဓာတ်အားလိုင်း ၁၃ မိုင်နှင့် မုန်တောင်ကျေးရွာမှာ 33/11KV 5 MVA ဓာတ်အားခွဲရုံအသစ်တစ်ရုံကို ဦးစွာစတင်တည်ဆောက်နိုင်ရန် လိုအပ်တာဖြစ်ပါတယ်။ အဆိုပါ 33/11KV 5 MVA ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးတဲ့အခါကျရင် ကျေးရွာအသီးသီးထံကို 11 KV ဓာတ်လိုင်းများနဲ့

11/0.4KV Transformer တွေ ဆက်လက်တပ်ဆင်တည်ဆောက်ပြီးမှ ကျေးရွာတွေလျှပ်စစ်ဓာတ်အား ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရန်အဆင့်ဆင့်တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိအခြေ အနေမှာ တိုင်းဒေသကြီး/ပြည်နယ် ဒေသအသီးသီးမှာရှိတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိရေး အတွက်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အစီအစဉ်တွေချမှတ်ပြီး နှစ်အလိုက်နှစ်အလိုက် စီစဉ် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒီအတွက် နှစ်အလိုက်စီစဉ်ဆောင်ရွက် ရမယ့်လုပ်ငန်းများအတွက် ခွဲဝေရရှိနိုင်တဲ့ဘတ်ဂျက်များနှင့်ချင့်ချိန်ပြီး တိုင်းတာဆောင်ရွက်ရတဲ့အတွက်ကြောင့် မေးခွန်းမှာ ပါရှိတဲ့ မုန်တောင်ကျေးရွာအုပ်စုတွေ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဦးစွာဆောင်ရွက်ရမယ့် 33 KV ဓာတ်အားလိုင်းနဲ့ 33/11 KV ဓာတ်အားခွဲရုံများတည်ဆောက်ရန် ဘတ်ဂျက်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားနိုင်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားတဲ့အစီအစဉ်တွေ၊ NEP Plan အရ ဆောင်ရွက်ရန်အစီအစဉ်တွေ ယခင်က ဖြေဆိုထားခဲ့တဲ့ ကတိကဝတ်တွေကို ဆောင်ရွက်ရန်ရှိတဲ့အစီအစဉ်တွေနဲ့ချင့်ချိန်တိုင်းတာလိုက်တဲ့အခါမှာ ယခုမေးခွန်း ပါလုပ်ငန်းအတွက် ဆောင်ရွက်ရမယ့် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားနိုင်မယ့်အလားအလာရှိပြီးတော့ ဘဏ္ဍာရေးခွင့်ပြုချက်တွေ ရရှိတဲ့အချိန်မှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**Base Load ဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်လိုအပ်လျက်ရှိသော မြန်မာနိုင်ငံ အတွင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားများ၊ ကြွရောက်လာသော ဧည့်သည်တော်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ပြီးခဲ့တဲ့ ၈-၇-၂၀၁၈ ရက်က ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ထုတ်လုပ်မှုဖြစ်ပါတယ်။ ၃၀၃၈ မဂ္ဂါဝပ် ကျွန်တော်တို့ထုတ်လုပ်နိုင်ခဲ့ပါတယ်။ နေပြည်တော်မှာ သုံးစွဲမှုကတော့ ၁၃၃.၂ မဂ္ဂါဝပ် သုံးစွဲခဲ့ ပါတယ်။ ရန်ကုန်မြို့မှာတော့ ၁၂၅၁.၇ မဂ္ဂါဝပ် သုံးစွဲခဲ့ပါတယ်။ မန္တလေးမြို့မှာတော့ ၅၈၆.၂ မဂ္ဂါဝပ် သုံးခဲ့ပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာတော့ ၁၁၆၃.၁ မဂ္ဂါဝပ် သုံးစွဲခဲ့ပါတယ်။ ဒါကတော့ Graph ပါ။ အနီရောင် Graph ကတော့ ဓာတ်ငွေ့နဲ့ကျောက်မီးသွေးဆိုတာ ကျောက်မီးသွေးကတော့ နည်းပါတယ်။ ဓာတ်ငွေ့သုံးတဲ့ Graph ဖြစ်ပါတယ်။ အပြာရောင်ကတော့ ရေအားလျှပ်စစ်ထုတ်လုပ်တဲ့ Graph ပါ။ အစိမ်းရောင်ကတော့ စုစုပေါင်းသုံးစွဲတဲ့ Graph ပါ။ ဒါကတော့ ကျွန်တော် အခု ရေအားလျှပ်စစ်ကိုဆွေးနွေးမှာဖြစ်တဲ့အတွက် လျှပ်စစ်ကိုပဲ ပြောပါမယ်။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်ဆိုတော့ ထုတ်လုပ်မှုတွေဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ ၂၀၁၆ ခုနှစ်မှာ ၅၁၀၆၇ မဂ္ဂါဝပ် Hour Day သုံးစွဲပြီးတော့

တဖြည်းဖြည်းနဲ့ မြင့်တက်လာတာ ၂၀၁၈ ခုနှစ်မှာ ၆၂၀၂၄ မဂ္ဂါဝပ် Hour Day ကို ကျွန်တော်တို့ သုံးစွဲနေပါတယ်။ ဒါကတော့ လေးနှစ်တာထုတ်လုပ်မှုပါ။ အပြာရောင်လေးကတော့ ရေအားလျှပ်စစ် ထုတ်လုပ်မှု Graph ဖြစ်ပြီးတော့ အနီရောင်ကတော့ တခြားဓာတ်ငွေ့နဲ့ တခြားဥစ္စာတွေဖြစ်ပါတယ်။ ဆိုလိုချင်တာတော့ ရေအားလျှပ်စစ်ထုတ်လုပ်မှုဟာ အမြဲတမ်းမြင့်တက်နေပြီးတော့ မြန်မာနိုင်ငံအတွက် အဓိကထားသုံးနေရတယ်ဆိုတဲ့ Graph လေးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ရေအားလျှပ်စစ်တွေ ပြီးစီးနိုင်ခြင်းမရှိပါဘူး။ နောက်ပြီး ရေအားလျှပ်စစ်တွေဟာ ဘတ်ဂျက်မရတာတို့၊ အကြောင်း အမျိုးမျိုးကြောင့် ရေအားလျှပ်စစ်တွေဟာ နောက်ကျနေတာကိုလည်း တွေ့ရပါတယ်။ ရေအားလျှပ်စစ် စီမံကိန်းတွေဟာ။

ဒါကတော့ ရေအားလျှပ်စစ်က ထုတ်လုပ်မှုတွေဟာ တစ်နှစ်နဲ့တစ်နှစ် အဆပေါင်းများစွာ တိုးတက်လာတာကို ဒီ Graph မှာတွေ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာလည်း တိုးတက်လာတယ်။ နောက်ဆုံးအနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း အများဆုံး တဖြည်းဖြည်း လျှပ်စစ်ဓာတ်အားတိုးတက် နေတာကိုပြတဲ့ Graph ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံဟာ လျှပ်စစ်တောက်လျှောက်လိုအပ်နေတယ်။ ရေအားလျှပ်စစ်ကို ကျွန်တော်တို့ အဓိကထားသုံးရတယ်။ ရေအားလျှပ်စစ်ဟာ ဆောင်းရာသီ၊ မိုးရာသီမှာ အဓိကထားပြီး သုံးနေပါတယ်။ နွေရာသီမှသာ ရေအားလျော့ကျတဲ့အခါကျရင် အခက်အခဲအနည်းငယ်ရှိပေမဲ့လည်း အခုချိန်မှာ ဝန်ကြီးဌာနရဲ့စီမံမှုနဲ့ ရေစုပြီးတော့ ထိန်းပြီးတော့ထုတ်လုပ်တဲ့အတွက် ကျွန်တော်တို့ဟာ အရင်နှစ်တွေ ထက်စာရင် ပိုထုတ်လုပ်နိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ရေအားလျှပ်စစ်တွေဟာ မြန်မာပြည်မှာ တည်ဆောက်ဖို့လိုပါတယ်။ ဘာလို့ဆိုတော့ ရေအားလျှပ်စစ်က စျေးသက်သာပါတယ်။ ကျွန်တော်တို့ပြည်သူတွေ ဘာပဲဖြစ်ဖြစ် စျေးနှုန်းကိုလည်း ကျွန်တော်တို့နိုင်ငံက အများကြီးမပေးနိုင် သေးတဲ့အတွက် ရေအားလျှပ်စစ်က အဓိကကျနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ Base Load Power ဖြစ်သော ရေအားလျှပ်စစ်မံကိန်းများကို လျှပ်စစ်လိုအပ်လျက်ရှိသော မြန်မာနိုင်ငံအတွင်း လျှပ်စစ်ထုတ်လုပ်မှုကို မည်ကဲ့သို့ဝန်ကြီးဌာနအနေနဲ့ Plan စီမံကိန်းချပြီး ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခုမေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားရာမှာ ပို၍ရှင်းလင်းလွယ်ကူစေရန်အတွက် Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ နေ့စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့အခါမှာ အချိန်အလိုက် ပြည်သူတွေအသုံးပြုတဲ့ လျှပ်စစ်ပမာဏအနည်း၊ အများပေါ်မူတည်ပြီးတော့ ထုတ်လုပ်

ကြတာဖြစ်ပါတယ်။ ထိုသို့ထုတ်လုပ်တဲ့အခါမှာ Base Load, Intermediate Load, Peak Load ဆိုပြီး ပိုင်းခြားပုံများကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ပြည်သူတွေ အိပ်တဲ့အချိန်၊ နိုးတဲ့အချိန်၊ လုပ်ငန်းတွေစတင်ချိန်၊ နေ့လယ်ထမင်းစားချိန်၊ အလုပ်ပြန်စချိန်၊ အိမ်ပြန်ချိန်စတဲ့ ပြုမူနေထိုင်မှု အချိန်များအလိုက် တစ်နေ့တာရဲ့နာရီစဉ်များမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက် အနည်းအများဟာ ပြောင်းလဲဖြစ်ပေါ်နေပြီးတော့ ပုံမှာတင်ပြထားသကဲ့သို့ အနက်ရောင်လိုင်းဖြင့် တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အနည်း၊ အများပုံစံပြောင်းလဲသွားပြီး ထိုပမာဏနဲ့ကိုက်ညီအောင် ဓာတ်အားပေးစက်ရုံများကနေ ထိန်းညှိထုတ်လုပ်ပေးရတာဖြစ်ပါတယ်။ တစ်နေ့တာ ထိုကဲ့သို့ဖြစ်ပေါ်နေတဲ့ လျှပ်စစ်ထုတ်လုပ်ပေးရတဲ့ပုံကို ကျွန်တော်တို့က Daily Load Curve လို့ နေ့စဉ်လျှပ်စစ်ဓာတ်အားသုံးစွဲမှု Curve လို့ ကျွန်တော်တို့ ခေါ်ဆိုတာဖြစ်ပါတယ်။ အဆိုပါ Daily Load Curve မှာ ၂၄ နာရီဆက်တိုက် ပုံသေပမာဏမျှသော လျှပ်စစ်ဓာတ်အားကို ထုတ်ပေးရန်လိုအပ်မှုကို Base Load လို့ခေါ်ဆိုတာဖြစ်ပါတယ်။ လူတွေအိပ်မောကျနေတဲ့အချိန်လောက်ကနေလွဲပြီး တစ်နေ့တာမှာ နာရီအများစုလျှပ်စစ်ထုတ်ပေးနေရမှု ပမာဏကိုတော့ Intermediate Load လို့ခေါ်ဆိုတာဖြစ်ပြီး တစ်နေ့တာရဲ့နာရီပိုင်းအချိန် အချို့မှာသာ လျှပ်စစ်သုံးစွဲမှု သိသိသာသာထူးကဲမြင့်တက်လာတဲ့ တစ်နေ့တာမှာ နှစ်ကြိမ်လောက်ဖြစ်ပေါ်လေ့ရှိတဲ့အချိန်မှာ ထုတ်လုပ်ပေးရတဲ့ပမာဏကို Peak Load လို့ခေါ်ဆိုတာဖြစ်ပါတယ်။ ပုံမှာ၊ Graph မှာ တင်ပြထားတာဖြစ်ပါတယ်ခင်ဗျာ။ Base Load ရဲ့ သဘောသဘာဝအရ နေ့စဉ်ရက်ဆက် ၂၄ နာရီဆက်တိုက်လပေါင်းများစွာ လျှပ်စစ်ကိုပုံသေထုတ်လုပ်ပေးရတဲ့ အခြေအနေဖြစ်ပြီး ကာလကြာရှည်မနားတမ်းထုတ်လုပ်ရတဲ့ သဘောသဘာဝနဲ့ ကိုက်ညီတဲ့ လျှပ်စစ်ထုတ်လုပ်တဲ့ ထုတ်လုပ်နည်းများကို အသုံးပြုရတာဖြစ်ပါတယ်။

ဒီအတွက်ကြောင့် Base Load အတွက်ကို ကမ္ဘာမှာ၊ နိုင်ငံအသီးသီးမှာ သဘာဝပေးတဲ့ အခြေအနေအရ ထုတ်လုပ်ပေးရတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နည်းများကို Graph မှာ ထည့်သွင်းတင်ပြထားတာဖြစ်ပါတယ်။ Base Load အတွက်ဆိုရင် Run-off-river ရေအား၊ နျူးကလီးယားထုတ်တဲ့ လျှပ်စစ်၊ ကျောက်မီးသွေးကထုတ်တဲ့လျှပ်စစ် ဒါတွေကိုအသုံးရတာဖြစ်ပါတယ်။ လိုအပ်ခဲ့မှ Natural Gas မှထုတ်တဲ့လျှပ်စစ်ကို Base Load အတွက်အသုံးပြုတာဖြစ်ပါတယ်။ ဒီအတွက် ကမ္ဘာပေါ်မှာ Base Load Generation အဖြစ် အောက်ပါလျှပ်စစ်ဓာတ်အားထုတ်လုပ်နည်းများကို အသုံးပြုတာ ဖြစ်ပါတယ်။ ပထမတစ်ခုကတော့ မြစ်ရေစီးကြောင်းရဲ့ ရေစီးအားကိုတိုက်ရိုက်အသုံးပြုတဲ့ Run-off-river ရေအားလျှပ်စစ်အမျိုးအစားဖြစ်ပါတယ်။ နျူးကလီးယားလျှပ်စစ်အမျိုးအစား၊ ကျောက်မီးသွေးသုံး လျှပ်စစ်အမျိုးအစားနဲ့ ဘူမိအပူသုံးလျှပ်စစ်အမျိုးအစားတို့ဖြစ်ပြီး မိမိတို့နိုင်ငံမှာတော့ ဘူမိအပူသုံးလျှပ်စစ်အနေအထားမရှိပါဘူး။ နျူးကလီးယားလျှပ်စစ်ထုတ်မှုမရှိတဲ့အတွက်ကြောင့် Run-off-river type ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေးသုံးလျှပ်စစ်ကို Base Load အဖြစ်အသုံးပြုရမယ့် အနေအထားဖြစ်ပါတယ်။

အဆိုပါစက်ရုံများအနက်မှာ Run-off-river type ရေအားလျှပ်စစ်စက်ရုံတွေကိုတော့ အချိန်မရွေး စက်ကိုမောင်းလိုက်၊ ရပ်လိုက် ဝန်အားကို တိုးထုတ်လိုက်၊ လျှော့လိုက်လုပ်လို့ရသော်လည်းပဲ ကျန်တဲ့ဓာတ်အားပေးစက်ရုံအမျိုးအစားတွေကတော့ စက်ကိုတစ်ခါနှိုးထားပြီးလို့ရှိလျှင်

တောက်လျှောက်နာရီပေါင်းများစွာ ပုံသေပမာဏနဲ့ မောင်းနှင်ရတာဖြစ်ပါတယ်။ Intermediate Load Generation ရဲ့ သဘောသဘာဝမှာကျတော့ ပြည်သူတွေအိပ်ယာကနိုးလာချိန်လောက်ကစပြီး ပြန်အိပ်ကြမယ့်အချိန်လောက်ရဲ့ တစ်နေ့တာသက်ဝင်လှုပ်ရှားတဲ့ နာရီအချိန်များအတွက် Base Load အပြင် ထပ်မံလိုအပ်လာတဲ့ လျှပ်စစ်ဓာတ်အားကို ထပ်ဆောင်းပြီးထုတ်လုပ်ပေးရတဲ့ လျှပ်စစ်ဓာတ်အား ပေးစက်ရုံ ထုတ်လုပ်နည်းများနဲ့မှ ကိုက်ညီတာဖြစ်ပါတယ်။ အဆိုပါနည်းလမ်းများကတော့ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများက ထုတ်လုပ်ခြင်းနဲ့ ဆည်တည်ဆောက်ပြီးတော့ ရေကိုစု ဆောင်းကာ လျှပ်စစ်ဓာတ်အားထုတ်တဲ့ Reservoir Type နဲ့ သင့်တော်တာဖြစ်ပါတယ်။ အဆိုပါ စက်ရုံများအနက်မှ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို ရပ်လိုက်၊ မောင်းလိုက် တတ်နိုင်သမျှမလုပ်ရပါဘူး။ မောင်းပြီး စက်ကိုနိုးပြီးပြီဆိုရင် တောက်လျှောက်လျှပ်စစ်ဓာတ်အား ထုတ်သင့်ပါတယ်။ ဆည်ရေစနစ်သုံးရေအားလျှပ်စစ်စက်ရုံတွေကကျတော့ စက်ကိုလိုအပ်ရင် နိုးလိုက်၊ ဓာတ်အားကိုလိုအပ်သလို အတိုးအလျှော့လုပ်ပြီး မောင်းလိုက်၊ မလိုအပ်တဲ့အချိန်ကျရင် စက်ကို ပြန်ရပ်လိုက်နဲ့ လိုအပ်သလို Adjust လုပ်ပြီး အသုံးပြုလို့ရပါတယ်။ အဆိုပါနည်းလမ်းနှစ်ခုနဲ့ Intermediate Load Generation ကို လျှပ်စစ်ထုတ်ပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။

ပြည်သူတွေ လျှပ်စစ်ကိုအများဆုံးအသုံးပြုတဲ့အချိန်မှာ Base Load Generation စက်တွေ အားလုံးလည်းမောင်းပြီးပြီ၊ Intermediate Load Generation စက်တွေအားလုံးလည်းမောင်းပြီးပြီ။ အဲဒီအချိန်မှာမှ ဒီ့ထက်မက လျှပ်စစ်ကထပ်ပြီးလိုသေးတယ်ဆိုရင် နောက်ဆုံးအဆင့်အနေနဲ့ ထပ်မံဖြည့်စွက်ပြီး Peak Load အတွက် လျှပ်စစ်ထုတ်ပေးရတဲ့ စက်တွေကတော့ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံ၊ လေအားသုံးဓာတ်အားပေးစက်ရုံ၊ Pumped-Storage Type ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ လောင်စာဆီသုံးစက်များဖြစ်ပါတယ်။ နေရောင်ခြည်နှင့် လေအားသုံးဓာတ်အား ပေးစက်ရုံတွေကတော့ ၂၄ နာရီအချိန်ပြည့် မထုတ်နိုင်ပါဘူး။ လိုရင်လိုသလောက် လျှပ်စစ်ဓာတ်အား ကိုလည်း အတိုးအလျှော့ထုတ်လို့မရပါဘူး။ Pumped-Storage Type ရေအားကကျတော့ Peak Load Generation မှာ လျှပ်စစ်ကိုထုတ်ခဲ့ပြီး အသုံးပြုခဲ့တဲ့ရေကို မြစ်အောက်ပိုင်းမှာ ကန်နဲ့ပြန်စု ရပါတယ်။ ညအချိန်ကျမှ လူတွေလျှပ်စစ်မသုံးချိန်မှာ အပေါ်ရေကန်ကို ထိုရေကန်တွေကို ပြန်တင်ရပါ တယ်။ အဲလိုနည်းနဲ့သုံးတဲ့အတွက်ကြောင့် စရိတ်များစွာကုန်ကျတဲ့ ထုတ်လုပ်နည်းဖြစ်ပါတယ်။ Peak Load Generation များရဲ့ ဓာတ်အားပေးစက်များရဲ့ လျှပ်စစ်ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ အမြဲတမ်း ဈေးကြီးလေ့ရှိပါတယ်။

အနှစ်ချုပ်တင်ပြရရင် ရေအားလျှပ်စစ်ဓာတ်အားလျှပ်စစ်စက်ရုံတိုင်းကိုတော့ Base Load အဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့တော့ သင့်တော်မှုမရှိဘဲ သူ့အမျိုးအစားနှင့်သူ လိုက်လျော ညီထွေထုတ်ရမှာဖြစ်ပါတယ်။ Base Load Generation အဖြစ် လျှပ်စစ်ထုတ်ပေးရတဲ့ Run-off-river ရေအားလျှပ်စစ်၊ ကျောက်မီးသွေးသုံး၊ နျူးကလီးယားစတာတွေက ဓာတ်အားခထုတ်လုပ်ကုန်ကျ စရိတ် သက်သာတဲ့အတွက်ကြောင့် လျှပ်စစ်သုံးသူတွေရဲ့ လိုလားချက်ဖြစ်တဲ့ ဈေးသက်သာရေးဆိုတာ နဲ့တော့ ကိုက်ညီပါတယ်။ ထိုစက်များရဲ့ သဘာဝအလျှောက် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် မနားတမ်းထုတ်လုပ်နိုင်ခြင်းကလည်း ပြည်သူတွေလိုချင်တဲ့ အချိန်တိုင်းလျှပ်စစ်ဓာတ်အားဆက်တိုက်

ရရှိအောင် ထုတ်လုပ်ပေးနိုင်ဖို့နှင့်လည်း ကိုက်ညီတာဖြစ်ပါတယ်။ Base Load Generation အမျိုးအစား ဓာတ်အားပေးစက်ရုံတွေကို တိုင်းပြည်မှာ များများတည်ဆောက်နိုင်မှ လျှပ်စစ်ဓာတ်အား ဖူလုံမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိတည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံက ၂၇ ရုံရှိပါတယ် ခင်ဗျား။ ၎င်းတို့ရဲ့ စာရင်းကို တင်ပြချက်ဟာ စုစုပေါင်းမဂ္ဂါဝပ် ၂၈၀၀ ဖြစ်ပါတယ်။

အဆိုပါ ၂၇ ရုံအနက်မှာ Intermediate Load Generation အဖြစ် သုံးသင့်တဲ့ Reservoir Type ရေအားက ၂၁ ရုံ၊ စက်တပ်ဆင်အင်အား ၂၁၇၀ မဂ္ဂါဝပ်ရှိပြီး၊ Base Load Generation အဖြစ်သုံးသင့်တဲ့ Run-off-river ရေအားစက်ရုံက ၆ ရုံ တင်ပြပါစာရင်းမှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ စက်တပ်ဆင်အင်အားက ၆၃၀ မဂ္ဂါဝပ်သာရှိပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံမှာ ရေအားလျှပ်စစ်စက်ရုံများရှိသည်ဆိုသော်ငြားလည်း Base Load Generation အဖြစ် မောင်းနှင်ရန် သင့်တော်တဲ့ စက်အင်အားဟာ ၆၃၀ မဂ္ဂါဝပ်သာဖြစ်ကြောင်း ထပ်မံတင်ပြအပ်ပါတယ်။ လက်ရှိကာလ မှာ တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်း ၈ ခု၊ စက်တပ်ဆင်အင်အား ၁၃၅၈.၆ မဂ္ဂါဝပ်ရှိပါတယ်။ ၎င်းတို့ရဲ့ အသေးစိတ်စာရင်းများကို တင်ပြထားတာဖြစ်ပါတယ်။ တည်ဆောက်ဆဲနဲ့ တည်ဆောက်ရန် စီစဉ်နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဆက်လက်ပြီးဆောင်ရွက် ဖို့လျာထားပြီးတော့ ဒီစီမံကိန်းများကို Technical အားဖြင့်သော်လည်းကောင်း၊ Financial အားဖြင့် သော်လည်းကောင်း၊ Environmental အားဖြင့်သော်လည်းကောင်း တည်ဆောက်ရန်သင့်/မသင့် ဆိုပြီးတော့ လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်နေတဲ့စီမံကိန်းများကို တင်ပြထားတာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ နောင်မှာ ထပ်မံတည်ဆောက်နိုင်မယ့် ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံရဲ့ဘဏ္ဍာရန်ပုံငွေနဲ့ဖြစ်စေ၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ဖြစ်စေ ဆောင်ရွက်နိုင်ရန်အတွက် ကို ကွင်းဆင်းတိုင်းတာတွက်ချက်ပြီးတော့ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာများကိုလည်း ပြုစုနေလျက်ရှိပါတယ်။ စီမံကိန်းများရဲ့မြေပြင်အနေအထား၊ ဘူမိဗေဒအနေအထား၊ မိုးရေချိန်၊ ရေစီးဝင်နှုန်း၊ ရေသိုလှောင်နိုင်မှုအနေအထား၊ ထုတ်လုပ်နိုင်မယ့်လျှပ်စစ်ပမာဏ၊ ရေလွှမ်းသွားမယ့် ဧရိယာ၊ သစ်တော၊ ကျေးရွာ၊ စိုက်ပျိုးမြေ၊ သယံဇာတလုပ်ကွက် အစရှိသည်တို့ကို စူးစမ်းလေ့လာ တွက်ချက်မှုတွေကို အချိန် ၃ နှစ်ခန့် အနည်းဆုံးယူပြီး ဆောင်ရွက်ရပါတယ်။ တည်ဆောက်ရေးကာလ ကိုတော့ စီမံကိန်းရဲ့အတိုင်းအတာပမာဏအလိုက် ၄ နှစ်ကနေ ၁၀ နှစ်အထိ အချိန်ယူဆောင်ရွက်ရ တာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် စီးပွားရေးအရ တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ရှုထောင့်မှ စစ်ဆေးမှုတို့ကို အသေးစိတ်စိစစ်ပြီးလို့ရှိရင်တော့ သင့်တော်မှုရှိတဲ့ ရေအားလျှပ်စစ်အရင်းအမြစ်များကနေပြီးတော့ မိမိတို့နိုင်ငံအတွက် အနာဂတ်မှာ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆက်လက်စီမံဆောင်ရွက်နေပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးကို ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Base Load ဖြစ်တဲ့ ကျောက်မီးသွေးတို့၊ နျူးကလီးယားတို့ ကျွန်တော်တို့ မလုပ်နိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ရေအားကိုပဲ ကျွန်တော်တို့ မှီခိုနေရပါတယ်။

ကျွန်တော်မေးချင်တာကတော့ ဒုတိယဝန်ကြီးကို ကျွန်တော်တို့ သဘာဝတရားကြီးဟာ ရာသီဥတုတွေဟာ ကြမ်းတမ်းလာပါပြီ။ မိုးဆိုလည်းအရမ်းရွာတယ်။ မိုးတွင်းကာလတွေဆိုရင် မိုးရွာတယ်၊ ရေကြီးတယ်။ အဲဒီအတွက် ပြည်သူလူထုဟာ ရေကာတာတွေကို အန္တရာယ်မရှိအောင် ရေကာတာတွေဆောက်တဲ့နေရာက ကျရင် ထိခိုက်ကျိုးပေါက်မှုမရှိအောင် ပြည်သူလူထုအသက်၊ အိုးအိမ်ကာကွယ်အောင် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစံချိန်၊ စံညွှန်းတွေနဲ့ လုပ်ဆောင်ပြီး စီမံကိန်းချတာလဲဆိုတာလည်း ကျွန်တော် ပြည်သူများကိုယ်စား သိရှိလိုပါတယ်။ ရေအားလျှပ်စစ်တည်ဆောက်တဲ့အခါ။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအားလျှပ်စစ်စီမံကိန်းများကို စတင်စူးစမ်းတိုင်းတာစဉ်ကပင် အဆိုပါမြစ်၊ ချောင်းများရဲ့ ရေစီးဝင်မှုနှုန်းထားများကို နှစ် ၃၀၊ နှစ် ၅၀ စတဲ့ ဒေတာအချက်အလက်များကို ကျွန်တော်တို့ စတင်လေ့လာရပါတယ်။ ဒီ့အတွက်ကြောင့် အနှစ် ၅၀ မှာမှတစ်ကြိမ်၊ အနှစ် ၁၀၀ မှာမှတစ်ကြိမ်၊ အနှစ် ၁၀၀၀ မှာမှတစ်ကြိမ် ဖြစ်ပေါ်လေ့ရှိတဲ့ Flat Condition များကိုလည်း ကျွန်တော်တို့ တွက်ချက်ပြီးမှ ဆည်များရဲ့ဒီဇိုင်းကို တွက်ချက်တည်ဆောက်ရတာဖြစ်ပါတယ်။ ဒီ့အပြင် မိမိတို့ဆည်တည်ဆောက်မယ့် တည်နေရာများရဲ့ မြေငလျင်လှုပ်တဲ့အချိန်မှာ ဖြစ်ပေါ်နိုင်တဲ့ အခြေအနေများကိုလည်း ကျွန်တော်တို့ ထည့်သွင်းတွက်ချက်ရတာဖြစ်ပါတယ်။ ဒီ့အပြင် ဆည်တည်ဆောက်မယ့်နေရာမှာရှိတဲ့ မြေသားရဲ့ခိုင်ခံ့မှုအနေအထား(Geological Condition)တွေ စတာတွေကိုလည်း မူလဒီဇိုင်းတွက်ချက်စဉ်ကပင် ထည့်သွင်းဆောင်ရွက်ရပါတယ်။ ထိုကဲ့သို့ အချက်အလက်ပေါင်းများစွာကို ထည့်သွင်းတွက်ချက်စဉ်းစားပြီးသည့်တိုင်အောင် ဆည်များကို တည်ဆောက်ရာမှာ တမံရဲ့ Body အတွင်းမှာ တည်ဆောက်ပြီးနှစ်ကနေစပြီးတော့ လစဉ်တိုင်းတာနိုင်တဲ့ Device တွေကို Instrument တွေကို ထည့်သွင်းတည်ဆောက်ပါတယ်ခင်ဗျား။ ဒါကတော့ Vertical Movement ရှိ/မရှိ၊ Horizontal Movement ရှိ/မရှိ၊ တမံအတွင်းမှာ ရေစိမ့်မှုရှိ/မရှိစတဲ့ Condition မျိုးစုံကို တိုင်းတာတဲ့ Instrument တွေ ကျွန်တော်တို့ထည့်သွင်းပြီးတော့ လစဉ်လည်း မိမိတို့ဆည်ကို ထိန်းသိမ်းရေးတာဝန်ကျ အင်ဂျင်နီယာအဖွဲ့ကနေ ပုံမှန်တိုင်းတာရပါတယ်။ အကယ်၍ ငလျင်လှုပ်ခတ်မှုကဲ့သို့သော မမျှော်မှန်းနိုင်တဲ့ဖြစ်ရပ်ဖြစ်ပြီဆိုတာနက်တစ်ပြိုက်နက် ဖြစ်စဉ်ဖြစ်ပြီးပြီးချင်း ချက်ချင်းမှာ အနီးတစ်ဝိုက်ဒေသမှာ တည်ရှိနေတဲ့ ရေအားလျှပ်စစ်တမံများမှာ တပ်ဆင်တည်ဆောက်ထားတဲ့ တိုင်းတာတဲ့ Instrument တွေအားလုံးကို ကျွန်တော်တို့ ချက်ချင်းပြန်လည်တိုင်းတာ စိစစ်ရပါတယ်။ ဒီ့အတွက်ကြောင့် ထိုတည်ဆောက်ထားတဲ့ ဆည်များရဲ့ကြံ့ခိုင်မှုဟာ ဆည်ရဲ့အောက်ခြေမှာနေထိုင်တဲ့ ပြည်သူလူထုရဲ့အတွက်ကို ထိခိုက်မှုမရှိနိုင်အောင် ကျွန်တော်တို့ ကြိုတင်စဉ်းစားပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း အမြဲတမ်းဂရုတစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသရှိ ကျေးရွာကိုးရွာ လျှပ်စစ်မီးရရှိရေးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ထီးလင်းမြို့နယ် ကျင်းဒေသမှာရှိတဲ့ ကျေးရွာကိုးရွာကို လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်မှာဆောင်ရွက်ပေးမယ်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဆိုတာကို သိလိုလို့မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထီးလင်းမဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ကျင်းဒေသဟာ ပုံတောင်ပုံညာကြားမှာတည်ရှိပြီး တောင်နဲ့မြောက်အလျားလိုက်တည်ရှိနေတဲ့ဒေသလေးတစ်ခုဖြစ်ပါတယ်။ ထီးလင်းမြို့နဲ့ဆိုရင် ၂၃ မိုင်ကျော်ဝေးကွာတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ အဲဒီဒေသဟာ ထီးလင်း-ပေါက်ကားလမ်းပေါ်မှာတည်ရှိပြီး သွားလာရလွယ်ကူသောဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကျေးရွာအုပ်စုပေါင်းကိုးခု၊ အိမ်ထောင်စုပေါင်း ၁၀၀၀ ကျော်၊ လူဦးရေပေါင်း ၄၀၀၀ ကျော် နေထိုင်တဲ့ဒေသဖြစ်ပါတယ်။ အဲဒီဒေသဟာ တစ်ရွာနဲ့တစ်ရွာနီးကပ်စွာတည်ရှိပြီး တောင်စွန်းနဲ့မြောက်စွန်းဟာ ၁၅ မိုင်ခန့်သာရှိပြီး ဆောမြို့နယ်ဘက်က တပြင်းကျေးရွာနဲ့လည်းဆက်သွယ်လျက်ရှိပါတယ်။ လမ်းပမ်းဆက်သွယ်ရေးအနေနဲ့ကောင်းမွန်သောကျေးရွာများလည်းဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ဒေသခံပြည်သူများအနေနဲ့လည်း အချက်အခြာကျတဲ့ ကျင်းကျေးရွာကိုမှီခိုအားထားပြီး နေထိုင်ကြရတာဖြစ်ပါတယ်။ ကျင်းကျေးရွာမှာဆိုရင် တက္ကသိုလ်ဝင်ခွင့်စာစစ်ဌာနဖွင့်ပြီးဖြစ်တဲ့ အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်းတွေရှိတဲ့ကျေးရွာလည်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် အဲဒီအထက်တန်းကျောင်းမှာလာရောက်ပြီး ပညာသင်ကြားနေတဲ့ ဒေသအသီးသီးက ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေး၊ ဒေသခံပြည်သူတွေရဲ့ကျန်းမာရေး၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်မီးဟာ အဓိကလိုအပ်နေတာပဲဖြစ်ပါတယ်။ ဒါ့အပြင် ကျင်းကျေးရွာမှာတစ်ဆင့် အခြားကျေးရွာများသို့လည်း ကျင်း-တပြင်းလမ်းမကြီးအတိုင်း လွယ်ကူစွာသွယ်တန်းဆက်သွယ်သွားမယ်ဆိုပါက ယင်းဒေသတစ်ခုလုံး လျှပ်စစ်မီးရရှိသွားမှာဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ ကျင်းကျေးရွာမှာရှိတဲ့ဒေသတစ်ခုလုံးဟာ မိမိအစီအစဉ်နဲ့မိမိ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးများကိုသာ အသုံးပြုရပြီး တစ်ညလျှင် နှစ်နာရီမှ သုံးနာရီခန့်သာလျှင် အလင်းရောင်အတွက် ရရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသူကျောင်းသားတွေအတွက် ပညာရေးသာမက ပြည်သူလူထုများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ မိုးလေဝသသတင်း အချက်အလက်များကအစ အခြားဖျော်ဖြေရေးအစီအစဉ်များပါ လေ့လာနိုင်ဖို့ရာခက်ခဲနေပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီဒေသမှာ လျှပ်စစ်မီးရရှိမယ်ဆိုပါက ဒေသမှာရှိတဲ့ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေး၊ ပြည်သူတွေရဲ့ကျန်းမာရေး၊ စီးပွားရေးသာမက အခြားဖွံ့ဖြိုးရေးလုပ်ငန်းများပါ ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမှန်တကယ်လိုအပ်နေတဲ့အတွက် အထက်ပါမေးခွန်းကို ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသမှာရှိတဲ့ ကျေးရွာကိုးရွာမှာ အိမ်ခြေ ၁၀၀၀ ခန့်ရှိပြီးတော့ အနီးပတ်ဝန်းကျင်မှာ ဖြတ်သန်းသွားပါတယ်ဆိုတဲ့ဓာတ်အားလိုင်းဟာ ၆၆ ကေဗွီဗို့အားအဆင့်ရှိတဲ့ ပေါက်-ကျော့က်ထု ဓာတ်အားလိုင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ၆၆ ကေဗွီဓာတ်အားလိုင်းဟာ ကျေးရွာများကို တိုက်ရိုက်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းအမျိုးအစား မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ အဆိုပါ ၆၆ ကေဗွီဓာတ်အားလိုင်းကနေ ၁၁ ကေဗွီဓာတ်အားလိုင်းအဆင့်ကို တည်ဆောက်ဖို့ဆိုလို့ရှိရင် နောက်ထပ် ထပ်ဆင့်ခွဲရုံများအဆင့်ဆင့် တည်ဆောက်ပြီးမှသာ ဓာတ်အားဆက်သွယ်ရရှိနိုင်မယ့်အခြေအနေဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ် ကျင်းကျေးရွာဒေသမှာရှိတဲ့ ကျေးရွာကိုးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ဓာတ်အားဖြန့်ဖြူးပေးမယ်ဆိုလို့ရှိရင် အနီးဆုံးမှာရှိတဲ့ ၁၁ ကေဗွီဗို့အားရှိတဲ့ နေရာက ထီးလင်းမှာရှိတဲ့ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ ခွဲရုံကနေပြီးတော့ အနီးဆုံးကျေးရွာဖြစ်တဲ့ ကျင်းကျေးရွာထိကို ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မယ်ဆိုရင် ဓာတ်အားလိုင်းမိုင်ရှည် ၂၄ မိုင်တည်ဆောက်ရပါတယ်။ ပြီးမှ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျန်ကျေးရွာ ရှစ်ရွာကို ဓာတ်အားဆက်ပေးနိုင်ဖို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း နောက်ထပ် ၁၇.၅ မိုင်တည်ဆောက်ရမှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ၁၁ ကေဗွီဓာတ်အားလိုင်း ၄၁.၅ မိုင်တည်ဆောက်မှသာ အဆိုပါကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်မှာကို စိစစ်တွေ့ရှိရမှာဖြစ်ပါတယ်။ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထီးလင်းဓာတ်အားခွဲရုံကနေပြီးတော့ ၁၁ ကေဗွီဓာတ်အားလိုင်း ၄၁.၅ မိုင်အထိ ရှည်လျားစွာတည်ဆောက်မယ်ဆိုရင် နည်းပညာအရ ဗို့အားပြည့်မီအောင် ဆောင်ရွက်ပေးနိုင်မှာမဟုတ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ထို့အပြင် အဆိုပါဒေသဟာ တောတောင်ထူထပ်လွန်းတဲ့အတွက်ကြောင့် သစ်ပင်သစ်ကိုင်းတွေနဲ့ ဓာတ်အားလိုင်းတွေ အပြစ်ဖြစ်ပေါ်လို့ဆိုရင် အဆိုပါဓာတ်အားလိုင်း မိုင် ၄၀ ကျော်တစ်လျှောက်ကို လူအင်အားနဲ့ လိုက်လံစစ်ဆေးပြုပြင်ပြီးမှ လျှပ်စစ်ကို ပုံမှန်ပြန်ပေးနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ကျေးရွာတွေမှာ ဓာတ်အားပြတ်တောက်မယ့်အချိန် ကြန့်ကြာမယ့်အခက်အခဲတွေ ဝန်ထမ်းတွေလည်း များစွာလိုအပ်မယ့် အခြေအနေတွေကို စစ်ဆေးတွေ့ရှိရတာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျင်းကျေးရွာဒေသ ကျေးရွာကိုးရွာကို ဓာတ်အားစနစ်ကနေ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ကိစ္စရပ်မှာ နည်းပညာအခြေအနေနဲ့ အဆိုပါဒေသရဲ့မြေမျက်နှာပြင်အနေအထား၊ အခက်အခဲများကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် Off Grid System (Solar)နဲ့သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် သင့်လျော်တဲ့အတွက်ကြောင့် အဆိုပါနည်းလမ်းနဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်နေပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနလက်အောက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ညှိနှိုင်း အကြောင်းကြားထားပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်ငူ-လွိုင်ကော်-ဟိုပုန်း ပြည်ထောင်စုလမ်းမပေါ် ဆိုက်ခေါင်မှတောင်ဘက် ကယားနယ်စပ်အထိ နှင့် (၂)မိုင်အတွင်းရှိကျေးရွာများအား ဓာတ်အားလိုင်း သွယ်တန်းပေးမည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်ဟာ စတုရန်းမိုင် ၉၇၁ ကျယ်ဝန်းပြီးတော့ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ရွာပေါင်း ၃၂၂ ရွာနှင့် ဖွဲ့စည်းထားရှိပြီး ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ ကယန်း၊ လီဆူး၊ အင်းသားနှင့် အခြား တိုင်းရင်းသားများအပါအဝင် စုစုပေါင်း လူဦးရေ ၁၅၀၀၀၀ ခန့် နေထိုင်လျက်ရှိပါတယ်။ အရှေ့ဘက်မှာဆိုရင် မောက်မယ်မြို့နယ်၊ လွိုင်လင်မြို့နယ်၊ အနောက်ဘက်မှာ တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်နှင့် တောင်ဘက်မှာတော့ လောပိတရေအားလျှပ်စစ်စက်ရုံတည်ရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ အဲဒီထဲမှာမှ အရှေ့ရိုးမတောင်တန်းပေါ်မှာ ဖြတ်သန်းဖောက်လုပ်ထားတဲ့ အရှည် ၂၁၇ မိုင်ရှည်လျားတဲ့ တောင်ငူ-လိပ်သို-လွိုင်ကော်-ဟိုပုန်း ပြည်ထောင်စုလမ်းမကြီးရဲ့ ၄၆ မိုင်အစိတ်အပိုင်းက ဆီဆိုင်မြို့နယ်ကို တောင်မှ မြောက် အလျားလိုက်ဖြတ်သန်းလျက်ရှိပါတယ်။ ဆီဆိုင်မြို့နယ်ဟာ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ပြီးတော့ လျှပ်စစ်မီးကို လင်းခွင့်ရရှိခဲ့ပါတယ်။ မီးလင်းရေးဆောင်ရွက်ရာမှာလည်း ဒေသနေတိုင်းရင်းသားပြည်သူများက အခက်အခဲများစွာကြားထဲမှ ဝိုင်းဝန်းတာဝန်ယူပြီး ငွေကြေးများစွာ စိုက်ထုတ်ကျခံကာ ကိုယ့်အားကိုယ်ကိုး ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဆီဆိုင်မြို့နယ်ရဲ့ကျေးလက်မီးလင်းခွင့်ရာခိုင်နှုန်းကို ကြည့်မယ်ဆိုရင် ၁၀ ရာခိုင်နှုန်းခန့်သာရှိသေးကြောင်း တင်ပြလိုပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် မီးလင်းခွင့်ရရှိတဲ့ကျေးရွာများရဲ့ကုန်ကျငွေကိုကြည့်ရင် Meter Box ဌာနသွင်းငွေနှင့် Service ကြိုး၊ Main ခုံတစ်ခု၊ မီးသုံးခွင့်အပါဆိုရင် ၂၅၀၀၀၀ ကျပ်ဖြစ်ပြီးတော့ ကိုယ့်အားကိုယ်ကိုးပါဝင်တဲ့ကျေးရွာများမှာတော့ အိမ်ထဲမီးအလင်းကုန်ကျငွေက ခုနစ်သိန်းခန့် ကုန်ကျနေတာကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပြီး ဒေသခံပြည်သူများကလည်း အချို့ညည်းညူနေကြပါတယ်။ အိမ်တိုင်းမီးလင်းခွင့်ရရှိဖို့အတွက်လည်း အဟန့်အတားဖြစ်စေလျက်ရှိပါတယ်။ ကျေးလက်နေဘဝတူပြည်သူများအကြားမှာ ကွဲပြားမှု၊ ခွဲခြားမှုရှိနေသကဲ့သို့ဖြစ်နေပြီးတော့ မြို့ပြနေပြည်သူများမှာတော့ ကိုယ့်အားကိုယ်ကိုးထည့်ဝင်စရာမလိုကြောင်း တွေ့ရှိရပါတယ်။ ကျေးလက်ဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအများစုဟာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခုနှစ်ကာလများမှာ စိုက်ပျိုးသီးနှံအများစု ကုန်ဈေးနှုန်းကျဆင်းခြင်း၊ သွင်းအားစုနှင့် စရိတ်စကမြင့်မားလာခြင်းတို့ကြောင့် စားဝတ်နေရေးအခက်အခဲများ

ကြုံတွေ့လျက်ရှိပြီး မူလသဘောသဘာဝအရ အစစအရာရာနိမ့်ကျနောက်ကျကျန်ရစ်နေသော ကျေးလက်နေပြည်သူများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်/စွမ်းအင်ကဏ္ဍက လွန်စွာအရေးပါတဲ့အတွက် လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ ဘဏ္ဍာငွေပိုမိုခွဲဝေလျာထားသုံးစွဲပေးဖို့ တိုက်တွန်းတင်ပြတောင်းဆိုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆီဆိုင်မြို့နယ်အတွင်းရှိ ပြည်ထောင်စုကားလမ်းမတစ်လျှောက်ကျေးရွာများဟာ လျှပ်စစ်မီးမရသေးပေမဲ့လည်း ကယားပြည်နယ်အတွင်း အဲဒီပြည်ထောင်စုကားလမ်းမတစ်လျှောက်မှာရှိတဲ့ကျေးရွာများ ဆီဆိုင်မြို့နယ်စပ်ထိရှိတဲ့ လွိုင်လင်လေးကျေးရွာ၊ ထီးစဲခါးရေတံခွန်ရှိရာကျေးရွာအထိကို ၂၀၁၂ ခုနှစ်ကတည်းက မီးလင်းခွင့်ရရှိခဲ့ကြပါတယ်။ လျှပ်စစ်မီးမရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝမှာ အဖက်ဖက်နိမ့်ကျကျန်ရစ်ကာ သစ်တောများလည်း အဆမတန်ပြုန်းတီးမှု များပြားလာတာကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆီဆိုင်မြို့နယ်မှာ ဆိုက်ခေါင်ဓာတ်အားခွဲရုံ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ၊ ဆီဆိုင်မြို့ခွဲရုံ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ဘန်းယဉ်ကျေးရွာ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း သွယ်တန်းပြီးစီးခဲ့ပါတယ်။ ပြည်ထောင်စုလမ်းမကြီးရဲ့မြောက်ဘက်ခြမ်း ၁၆ မိုင်အတွင်း လမ်းမပေါ်ရှိကျေးရွာအများစုရဲ့ ၉၅ ရာခိုင်နှုန်းခန့်က မီးလင်းခွင့်ရရှိခဲ့ပေမဲ့ လမ်းမကြီးတောင်ဘက်ခြမ်း မိုင် ၃၀ အတွင်း ကယားပြည်နယ် နယ်စပ်အထိ လမ်းမပေါ်ရှိကျေးရွာနှင့် နှစ်မိုင်အတွင်းရှိ ကျေးရွာ ၂၅ ရွာမှာ လေးရွာသာ မီးလင်းခွင့်ရရှိသေးတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများက တင်ပြတောင်းဆိုပေးဖို့။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်ငူ-လွိုင်ကော်-ဟိုပုန်းပြည်ထောင်စုလမ်းမကြီးပေါ်မှာ ဆိုက်ခေါင်မှတောင်ဘက် ကယားနယ်စပ်အထိကို တခေါ့ခွန်၊ ထီဖူး၊ ညောင်ကိုင်း၊ ထီတမောင်း၊ ထီလော့၊ မီးသွေးကုန်း၊ ကောင်းမှုဗွာ၊ ထီမန့်၊ ဝါးခရာ၊ နန်းညြ၊ ထီကလိုး၊ ပုံလောင်း၊ နောင်အယ်၊ မဲတောင်၊ လုံးဖို၊ နောင်ခလောက်၊ နောင်ရင်းဒုံ၊ နောင်ရွှေး၊ နောင်ဘို၊ ပန်တိုင်း၊ ကယန်းလေးကျေးရွာနှင့် ရေဖြူကျေးရွာဆိုပြီးတော့ စုစုပေါင်း ကျေးရွာ ၂၂ ရွာရှိတာဖြစ်ပါတယ်။

Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အဆိုပါကျေးရွာများအနက် ထီမန့်ကျေးရွာလျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၅၀၀ ပေ၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁.၅ မိုင်၊ ကောင်းမှုဗွာကျေးရွာဓာတ်အားရရှိရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁.၅ မိုင်တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်အစိုးရရဲ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ထို့အပြင် ထီကလိုးကျေးရွာ

လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၀.၈ မိုင်နှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ဘတ်ဂျက်မှာ ပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ မီးသွေးကုန်းကျေးရွာနှင့် ကောင်းမှုဗွာကျေးရွာနှစ်ရွာဓာတ်အားရရှိရန်လိုအပ်တဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း NEP ရဲ့ ပထမအဆင့်မှာ ပါရှိပါတယ်။ ဝါးခရာကျေးရွာနှင့် နန်းသြကျေးရွာနှစ်ရွာဟာ NEP ရဲ့ ဒုတိယအဆင့်မှာ ပါရှိပါတယ်။ တခေါ့ခွန်၊ ထီဖူး၊ ပုံလောင်း၊ နောင်အယ်၊ ညောင်ကိုင်း၊ ထီတမောင်း၊ ထီလော့စတဲ့ ကျေးရွာခုနစ်ရွာ လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်ထံ တင်ပြအတည်ပြုချက်ရယူပြီးဖြစ်တဲ့ ဂျာမနီချေးငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် KFW စီမံကိန်းရဲ့ ဒုတိယအဆင့်မှာ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ကျေးရွာတွေဖြစ်တဲ့ မဲတောင်၊ လုံးဖို၊ နောင်ခလောက်၊ နောင်ရင်းဒုံ၊ နောင်ရွေး၊ နောင်ဘို၊ ပန်တိုင်း၊ ကယန်းလေးကျေးရွာနှင့် ရေဖြူကျေးရွာစတဲ့ကျေးရွာ ကိုးရွာလျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက်တော့ ဆီဆိုင်မှသည် နောင်ရင်းဒုံအထိကို ၃၃ ကေဗွီဓာတ်အားလိုင်း ၁၇.၁၄ မိုင်တည်ဆောက်ပြီးတော့ နောင်ရင်းဒုံကျေးရွာမှာ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်မှသာ အဆိုပါကျေးရွာကိုးရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မယ့်အခြေအနေဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက်ကို ငါးနှစ်စီမံကိန်းရဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်ဆိုတာကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိဖို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ဆောင်ရွက်နေချိန်မှာ ပြည်တွင်းပြည်ပချေးငွေများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွေကို အသုံးပြုပြီးတည်ဆောက်တာရှိပါတယ်။ သို့ရာတွင် ဘတ်ဂျက်တွေကတော့ လုံလောက်မှုမရှိဘဲ တိုင်းပြည်မှာ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် တည်ဆောက်ဖို့ များစွာဆောင်ရွက်ပေးရဦးမှာ ဖြစ်ပါတယ်။ နှစ်စဉ်ဘတ်ဂျက်တင်ပြတောင်းခံပြီး ဆောင်ရွက်ချိန်မှာလည်းပဲ ကျွန်တော်တို့က ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ ဓာတ်အားကို ပြန်လည်ရောင်းချတဲ့ဝင်ငွေရဲ့နှုန်းထားတွေ ကွာဟချက်ကြောင့် နှစ်စဉ်ဘီလီယံ ၅၀၀၊ ၆၀၀ ဆုံးရှုံးနေလျက်ရှိပါတယ်။ အကယ်၍သာ အဆိုပါဆုံးရှုံးမှုသာ မရှိဘူးဆိုခဲ့ရင် တင်ပြပါ ကွာဟသွားတဲ့ ဘတ်ဂျက်ပမာဏနဲ့ ကျေးရွာတွေအတွက် ယခုကဲ့သို့သော လိုအပ်တဲ့ဓာတ်အားလိုင်းပမာဏပေါင်းများစွာကို နှစ်စဉ်ကြိုးပမ်းတည်ဆောက်ပေးသွားနိုင်မှာဖြစ်ပါတယ်။ အဓိကအချက်ကတော့ မြို့ပြမှာရှိတဲ့ လက်ရှိလျှပ်စစ်ဓာတ်အားရရှိပြီးနေတဲ့သူတွေအတွက် လျှပ်စစ်ဓာတ်အားခချိုသာစွာပေးနေရတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသကဲ့သို့ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ရာမှာ ဘဏ္ဍာငွေအဟန့်အတားလေးဖြစ်နေတယ်ဆိုတာလေးကိုလည်း ရှင်းလင်းတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အခုလို ဒုတိယဝန်ကြီးကနေပြီးမှ လျှပ်စစ်နှင့်ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းတင်ပြပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ သစ်တောဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီနည်းဥပဒေများကို အမျိုးသားလွှတ်တော်က ပြင်ဆင် ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစွမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၂၀-၆-၂၀၁၈ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၃၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကို လည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၆-၂၀၁၈ ရက်နေ့ နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာန များမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၆)ချက်ကို သဘောတူ သင့်ကြောင်းနဲ့ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် (၁၄)ချက်နဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရမည့် အချက် (၁၉)ချက်ရှိကြောင်း တင်ပြလာပါတယ်။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၆)ချက်ကို တင်ပြဖို့ ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦး

ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းလာတဲ့ သစ်တောဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ဖြစ်တဲ့ ၉-၂-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၌ ၁၃-၆-၂၀၁၈ ရက်နေ့တွင်ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်း အဝေး(၁၈)ရက်မြောက်နေ့ ဖြစ်သည့် ၂၀-၆-၂၀၁၈ ရက်နေ့မှာ လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၂-၆-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးသိန်းတန်၊ လှည်းကူးမဲဆန္ဒနယ်က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၀-၇-၂၀၁၈ ရက် (သောကြာနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။

ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့ အချက်များအနက်မှ အချက်(၁၆)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီးတော့ ပြင်ဆင်ချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၆)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၅ | ၁၄ | အပိုဒ် ၆ ခြေဆင်း |
| (ဂ) | ၈ | ၂၃ | အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ခြေဆင်း |

| | | | |
|---|---|---|---|
| (ဃ) | ၉ မှ ၁၀ | ၂၄၊ ၂၅၊ ၂၈၊ ၂၉၊ ၃၀ | အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)ခြေဆင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၀ခြေဆင်း၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂အပိုဒ်ခွဲ(ဂ) |
| (င) | ၁၁ မှ ၁၃ | ၃၁၊ ၃၄၊ ၃၆၊ ၃၇၊ ၃၉ | အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၃)၊ အပိုဒ် ၃၁ |
| (စ) | ၁၆ မှ ၁၈ | ၄၅၊ ၄၇၊ ၄၈ | အပိုဒ် ၄၁ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၆၊ အပိုဒ် ၅၁ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၁၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာတဲ့ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း သဘောတူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၆)ချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အချက်(၁၆)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၄) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၄)ချက်ရှိပြီးတော့ ထပ်မံပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၄)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၂ | အပိုဒ် ၂ အပိုဒ်ခွဲ(င) |
| (ခ) | ၃ | ၇ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း |
| (ဂ) | ၄ မှ ၆ | ၁၀၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆ | အပိုဒ် ၄ ခေါင်းစဉ်၊ အပိုဒ် ၅ ခေါင်းစဉ်၊ အမျိုးသား လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(စ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) |
| (ဃ) | ၇ မှ ၉ | ၁၉၊ ၂၂၊ ၂၆၊ ၂၇ | အပိုဒ် ၇ ခေါင်းစဉ်၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၇ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက် ခြင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ) |
| (င) | ၁၄ မှ ၁၈ | ၄၂၊ ၄၆၊ ၅၈ | အပိုဒ် ၃၆၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၈ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်များအတိုင်း သဘောတူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၄) ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်း ကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၄)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောမတူတဲ့ အချက်(၁၉)ချက်ကို တင်ပြဖို့ ဥပဒေ ကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူသည့်အချက်(၁၉)ချက်ရှိပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့်အချက် (၁၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ မှ ၄ | ၃၊ ၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(င) |
| (ခ) | ၇ မှ ၈ | ၁၇၊ ၁၈၊ ၂၀၊ ၂၁ | အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၇ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ) |
| (ဂ) | ၁၁ မှ ၁၄ | ၃၂၊ ၃၃၊ ၃၅၊ ၃၈၊ ၄၀၊ ၄၁ | အပိုဒ် ၁၄၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ခ) |
| (ဃ) | ၁၅ မှ ၁၆ | ၄၃၊ ၄၄ | အပိုဒ် ၃၇၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(က) |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့်အချက်(၁၉)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့် ပတ်သက်ပြီးလွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘောတူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၁၉)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၁၉)ချက်ကို ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးကအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၃၃)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက တင်သွင်းသော သစ်တောဥပဒေကြမ်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက် ၁၄ ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအတိုင်း ထားရှိမည့်အချက်(၁၉)ချက် စုစုပေါင်းအချက် (၃၃) ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ထိုသို့သဘောထားကွဲလွဲသည့်အချက် (၃၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့အချက် (၃၃)ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။ ၁၁း၄၀ အချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က တင်သွင်းသည့် သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် များ က ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ (၆-၆--၂၀၁၈ ရက်နေ့)တွင်တင်သွင်းသွားတဲ့ သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၃ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာနိုင်ငံမှာ သမဝါယမစနစ်ပြန်လည်ထွန်းကားပြီး တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်ကာ ပြည်သူလူထုဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အဆိုတင်တယ်လို့ယူဆပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ မူဝါဒတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေ၊ နည်းဥပဒေတွေကို ပြုပြင်ပြောင်းလဲပြီး သမဝါယမစနစ်ပုံဖော်ဖို့ တိုက်တွန်းထားတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမအသင်းများဖြစ်တဲ့ ကုန်ထုတ်သမဝါယမအသင်း၊ စားသုံးသူသမဝါယမအသင်း၊ ငွေစုငွေချေးသမဝါယမအသင်း၊ အခြားသမဝါယမအသင်းစသဖြင့် ဖွဲ့စည်းထားတဲ့ထဲမှာ အချိန်အကန့်အသတ်အရ ပြည်သူအားလုံးနှင့်အနီးစပ်ဆုံးဖြစ်တဲ့ စားသုံးသူသမဝါယမအသင်းအကြောင်းကို အဓိကထားပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုဟာ အပေါ်ယံကြည့်ရင် ကောင်းတယ်လို့ပြောလို့ရပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်ကဖြစ်ပျက်ခဲ့တာတွေကို ပြန်လည်သုံးသပ်ပြီး အောင်မြင်ခဲ့သလားလို့ သုံးသပ်ဖို့လိုပါတယ်။ တစ်ချိန်ကပြည်သူလူထုတွေခံစားခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေများစွာရှိခဲ့ပါတယ်။ ဒါကြောင့် ဇာတ်ထဲကပြောသလို သုမနကျောမှာဒဏ်ရာတွေနဲ့ဥစ္စာကို သတိရစေလိုပါတယ်။ ၁၉၇၀ ခုနှစ်ကစပြီး စားသုံးသူသမဝါယမအသင်းများ စတင်ပေါ်ပေါက်ခဲ့ပါတယ်။ အသင်းများကိုဘယ်လိုဖွဲ့စည်းတည်ဆောက်ခဲ့လဲဆိုတော့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ တစ်အိမ်ထောင်လျှင် အစုထည့်ဝင်ငွေ ၃၀ ကျပ်နှုန်းနှင့်စုဆောင်းထည့်ဝင်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု သမဝါယမအသင်းစုများရယ်လို့ ပေါ်ပေါက်လာပါတယ်။ အဲဒီအချိန်ကာလက

အောက်ခြေဝန်ထမ်းတစ်ဦး၏လစာသည် ၈၂ ကျပ်၊ လက်ဖက်ရည်တစ်ခွက် ၂၅ ပြားနှုန်းပဲရှိတဲ့ကာလပါ။ အင်မတန်တန်ကြေးရှိတဲ့ကာလ။ အဲဒီအချိန်မှတစ်ဆင့် အသင်းစုတစ်ခုစီမှ မြို့နယ်သမဝါယမအသင်းသို့ သင့်တော်သောအစုထည့်ဝင်ငွေများကို စုဆောင်းထည့်ဝင်ပြီး ဒီအစုဝင်ရတဲ့မြို့နယ်သမဝါယမအသင်းက လုပ်ငန်းလည်ပတ်ခဲ့ပါတယ်။

အသင်းရဲ့လုပ်ငန်းလည်ပတ်ပုံကိုတင်ပြပါမယ်။ သမဝါယမအသင်းရယ်လို့ဖြစ်ပေါ်လာတော့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများက ထုတ်ကုန်များကိုချုပ်ကိုင်ထားပြီး ဗဟိုတိုင်းသမဝါယမအသင်းများက ခွဲတမ်းချရောင်းချပါတယ်။ မြို့နယ်သမဝါယမအသင်းများကလည်း မိမိတို့ခွဲတမ်းကို သွားရောက်ထုတ်ယူပြီး ကုန်ကျစရိတ်များကိုတွက်ချက်ပြီး အရင်းဘယ်လောက်ကျတယ်။ အမြတ်ဘယ်လောက်တင်မယ်စသည်ဖြင့် ဆုံးဖြတ်ပြီးတော့ အရှုံးလုံးဝမရှိတဲ့နည်းနဲ့လုပ်ငန်းလည်ပတ်လာပါတယ်။ ခွဲတမ်းရတဲ့ပစ္စည်းတွေကလည်း အလုံအလောက်မရ။ ရတဲ့ပစ္စည်းများကို မဲဖောက်။ တန်ဖိုးရှိတဲ့ပစ္စည်းများကို မှောင်ခိုရောင်းချတဲ့အတွက်ကြောင့် အဲဒီကနေမှောင်ခိုထုတ်ရောင်းတဲ့ အလေ့အထကြီးပေါ်ပေါက်လာပါတယ်။ ဒီကနေတစ်ဆင့် ပါတီကောင်စီအမိန့်အနေနဲ့ တောင်သူလယ်သမားတွေထံမှ သီးနှံများကို တာဝန်ကျေခွဲတမ်းတောင်းပါတယ်။ တောင်သူတွေရောင်းချရတဲ့တာဝန်ကျေသီးနှံများကို ပြင်ပပေါက်ဈေးကုန်သည်များနဲ့ ဈေးပြိုင်မဟုတ်ဘဲ အပြင်ဈေးထက် ထက်ဝက်လောက်ဈေးနဲ့ သိမ်းယူခဲ့ပါတယ်။ ရာသီဥတုဖောက်ပြန်လို့ သီးနှံများအပြည့်အဝမရသော်လည်း ခွဲတမ်းကျမရောင်းမနေရရောင်းခိုင်းပါတယ်။ ကိုယ့်မှာမရှိရင် အပြင်ဈေးကြီးကြီးနဲ့ဝယ်။ အရှုံးခံပြီး သမဝါယမဖြတ်တဲ့ဈေးနဲ့ရောင်းရပါတယ်။ ရောင်းချလို့မပြည့်မီရင်ခြိမ်းခြောက်ခံရပါတယ်။ နေပူလှန်းခံရတယ်။ အချုပ်ကျခံရတယ်။ တောင်သူလယ်သမားများ ဘဝပျက်ခဲ့တာကို ပြန်လည်သတိရစေချင်ပါတယ်။ တောင်သူလယ်သမားများထံမှ မတရားခွဲတမ်းချပြီးရယူတဲ့ပစ္စည်းများကို အရှုံးမရှိထုခွဲရောင်းချတော့ လုပ်ငန်းလည်ပတ်မှုကြီးထွားလာပါတယ်။

မြို့နယ်သမဝါယမအသင်းများ ဘယ်လောက်ထိကြီးပွားလာလဲဆိုရင် ကျွန်တော့်မြို့နယ်မှ အခြေအနေလေးကို နည်းနည်းတင်ပြပါမယ်။ ကျွန်တော့်မြို့နယ်မှာဆိုရင် သမဝါယမအသင်းဆိုရင် တစ်နိုင်ငံလုံးမှာမရှိတဲ့ ကျွန်တော်တို့တစ်မြို့တည်းတင်သာရှိတဲ့ နှစ်ထပ်မော်တော်တစ်စီး၊ တစ်ထပ်မော်တော်လေးစီး၊ ကားနှစ်စီး၊ ဆီစက်၊ သစ်ခွဲစက်စသည်တို့တိုးပွားလာပါတယ်။ ဒီလိုသာ တိုးပွားလာမယ်ဆိုရင် နိုင်ငံရဲ့စီးပွားရေးဟာ အာရှကျားတစ်ကောင်ဖြစ်ရုံသာမက ကမ္ဘာမှာတောင် ထိပ်တန်းအဆင့်သို့ရောက်နိုင်သော်လည်း နောက်ဆုံးနှစ်ချုပ်လိုက်တော့ အရှုံးပြတာတွေ့ရပါတယ်။ ဒီအချိန်ကာလက သမဝါယမအသင်းဟာ ပါတီကောင်စီလူကြီးများရဲ့ ထမင်းအိုးကြီးဖြစ်တယ်ဆိုတဲ့အတွက်ကြောင့် ဒီအရှုံးပြတာအကြောင်းအရင်းတစ်ချက်ပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကြောင့် လုပ်ငန်းများရပ်ဆိုင်းသွားလို့ စာရင်းချုပ်တော့ အမြတ်ငွေမပြောနဲ့ အသင်းသားများထည့်ဝင်ထားတဲ့ အစုငွေ ၃၀ အပေါ်အမြတ်မရတဲ့အပြင် အရင်း ၃၀ ပါ ဘယ်ရောက်သွားမှန်းမသိတဲ့ဘဝမျိုးရောက်ခဲ့ရတယ်။ သမဝါယမအသင်းဆိုရင် မကြားချင်သူရာခိုင်နှုန်းအတော်များများရှိတာကို လေ့လာသုံးသပ်လို့ရပါတယ်။ ကျွန်တော့်မြို့နယ်မှာဆိုရင် အသင်းပိုင်တိုးပွားလာတဲ့ မော်တော်ကားတွေ၊ မော်တော်တွေ၊ ဖက်တွေ၊ ဆီစက်တွေ၊ သစ်စက်တွေကို ရောင်းချလို့ကုန်တဲ့အပြင် ရုံးသုံးပရိဘောဂ

အားလုံးအပြင် ဖိုင်စင်ပါမကျန် ရောင်းစားကုန်တဲ့အပြင် ယခုအခါ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနဲ့မညီတဲ့ဆိုင်ခန်းတွေ၊ ဈေးဆိုင်ခန်းတွေ၊ ဘီယာဆိုင်တွေ၊ အရက်ဆိုင်တွေ၊ နေအိမ်ခန်းတွေ ငှားရမ်းပြီး လူနည်းစုအကျိုးအတွက် လုပ်စားနေတာကို မြို့နယ်လူထုက စိတ်မသက်မသာ ခံစားနေရတာတွေ့ရပါတယ်။

တစ်ဖန် ဒီလုပ်ငန်းတွေက ရပ်ဆိုင်းပြီးသေသွားတော့ ကျားသေကိုအသက်သွင်းဖို့ တရုတ်နိုင်ငံမှ အတိုးကြီးကြီးချေးငွေဖြင့် ငွေချေးလုပ်ငန်းဆောင်ရွက်နေတာ လေးနှစ်၊ ငါးနှစ်အတွင်းမှာ အရင်းမလိုတော့ဘဲ မိမိတို့အစုပေါ်အမြတ်ငွေဖြင့် စိတ်အေးချမ်းသာစွာ လည်ပတ်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ ဘယ်အခြေအနေရောက်နေပြီလဲဆိုတာ လေ့လာသုံးသပ်သင့်ပါတယ်။ အသင်းဝင်များက အစုပေါ် အမြတ်ငွေများ ပြန်ပေးဖို့၊ နောက်တစ်ခါ ထွက်ပါရစေလို့ ပြောတော့ကလည်း အထွက်မခံဘဲ စိတ်ဆင်းရဲနေတာတွေ့မြင်နေရပါတယ်။ ပြီးခဲ့တဲ့လွှတ်တော်နားရက်မှာ ကျွန်တော့်မြို့နယ်မှာ ပြည်သူ့စကားဝိုင်းတစ်ခုပြုလုပ်ခဲ့ပါတယ်။ အဲဒီစကားဝိုင်းမှာ ပြည်သူလူထုတွေ မကျေနပ်ချက်တွေတင်ပြတဲ့အထဲမှာ သမဝါယမအသင်းချေးငွေကိစ္စကို ထိပ်တန်းထားပြီးဆွေးနွေးတာတွေ့ရပါတယ်။ မိမိတို့ရဲ့ အစုပေါ်အမြတ်ငွေပြန်လိုချင်ကြောင်း၊ ပြီးရင် အသင်းဝင်အဖြစ်မှနုတ်ထွက်လိုကြောင်း တင်ပြသော်လည်း သမဝါယမဘက်မှ ပြန်ပြီးပြေလည်အောင်ဖြေရှင်းနိုင်တာ မတွေ့ရပါဘူး။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေတွေ ချိုးဖောက်တဲ့အသင်းတွေကို ဘယ်လိုအရေးယူမလဲလို့ လွှတ်တော်မှာမေးတဲ့အခါမှာ ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ မညီတဲ့အသင်းတွေကို ဖျက်သိမ်းတဲ့အထိအရေးယူတာတွေ့ရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံမှာ မအောင်မြင်တဲ့စနစ်၊ မူဝါဒတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေ ပြန်လည်ဆန်းစစ်ပြီးဆောင်ရွက်မယ်ဆိုလို့ရှိရင် သမဝါယမအသင်းကို ပြန်လည်ပုံဖော်မယ်ဆိုလို့ရှိရင် အတိတ်ကဒဏ်ရာဒဏ်ချက်တွေကပြောတဲ့ သုမနကျောကဒဏ်ရာတွေကို ပြန်လည်သတိရပါလို့ ပြောကြားရင်းနဲ့ ဒီအဆိုကိုမထောက်ခံကြောင်း၊ အတည်မပြုသင့်ကြောင်း ဆွေးနွေးရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ အရာတော်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်ရဲ့ သမဝါယမဦးစီးဌာနအပေါ် ပံ့ပိုးမှုများနဲ့ပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံးအကောင်အထည်ဖော်ရန် အဆိုကို ဝေဖန်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တော်လှန်ရေးကောင်စီ တက်ပြီးခါစကာလအချိန်မှာ ပပကစနစ်နဲ့ ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးပါတယ်။ ပပကဆိုတာ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းပဲ ဖြစ်ပါတယ်။ ဇူစကာစစ်ဆင်ရေးနဲ့ ကုန်သည်၊ ပွဲစားလုပ်ငန်းရှင်အားလုံး ဖမ်းဆီးအရေးပြီးစကာလ ဖြစ်ပါတယ်။ စစတက ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှုကော်မတီက ထိန်းချုပ်မှုနှင့် ဖြန့်ဖြူးရောင်းချပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်မလုပ်နိုင်တဲ့အတွက် ဆိုရှယ်လစ်စီးပွားရေး

ရဲ့ ဒုတိယမဏ္ဍိုင်အဖြစ် သမဝါယမကဏ္ဍကို အကောင်အထည်ဖော်ခဲ့ပါတယ်။ တစ်တိုင်းပြည်လုံး သမဝါယမအသင်းကို ဝင်ရပါတယ်။ ဝင်ကြေးပေးသွင်းရပါတယ်။ အသင်းမဝင်လျှင် သမဝါယမ အသင်းဆိုင်မှ မည်သည့်ပစ္စည်းမှ ဝယ်ယူခွင့်ရမှာ မဟုတ်ပါဘူး။ ဆီ၊ ဆန်၊ ဆား၊ ဆေး၊ အဝတ်အထည် အစရှိတဲ့လူသုံးကုန်ပစ္စည်းအားလုံးကို သမဝါယမအသင်းကထိန်းချုပ်ပြီး ရောင်းချပါတယ်။ ဗဟိုဦးစီး စနစ်နဲ့ခွဲတမ်းချပေးပါတယ်။ စီမံမှုအလွဲများနှင့် အကျင့်ပျက်ဝန်ထမ်းများကြောင့် သမဝါယမအသင်း ရဲ့အခန်းကဏ္ဍဟာ တဖြည်းဖြည်းဆုတ်ယုတ်လာပြီး ပြည်သူများရဲ့ငြိုငြင်မှုကို ခံခဲ့ရပါတယ်။ အဆင့်မမီ တဲ့စားသောက်ကုန်များရောင်းချမှု၊ ခွဲတမ်းမမျှတမှုတို့ကြောင့် ပြည်သူများက ကန့်ကွက်လာကြပါ တယ်။ ၁၉၈၈ ခုနှစ်၊ ပြည်သူ့အရေးတော်ပုံကာလမှာ သမဝါယမအသင်းဆိုင်အများအပြား ဖျက်ဆီးခံ လိုက်ရပါတယ်။ အဲဒီနောက်ပိုင်း ရပ်ကွက်/ကျေးရွာများရဲ့ သမဝါယမအသင်း လှုပ်ရှားမှုများရပ်ဆိုင်း သွားပါတယ်။ မြို့နယ်/တိုင်းဒေသကြီးနဲ့ ဗဟိုသမဝါယမအသင်းရဲ့ လှုပ်ရှားမှုများလည်း အားလုံး ရပ်ဆိုင်းလုနီးပါးဖြစ်သွားပါတယ်။ သမဝါယမအသင်းနာမည်နဲ့ပုံရိပ်လုံးဝသုံးမရသလောက် ဖြစ်သွား ပါတယ်။ လက်ရှိ သမဝါယမအသင်းရဲ့အခြေအနေကို ဆွေးနွေးလိုပါတယ်။ သမဝါယမအမှုဆောင် များနဲ့ဝန်ထမ်းများ ဆက်လက်ရှိနေပါတယ်။ သမဝါယမအမှုဆောင်များရဲ့ လုပ်ဆောင်မှုနှင့်သက်တမ်း ကာလကို မည်သူမျှမသိကြပါ။ ရာသက်ပန်အမှုဆောင်များလို့လည်း ပြောကြပါတယ်။ သင်းလုံးကျွတ် အစည်းအဝေးများလည်း မလုပ်ဆောင်နိုင်ကြပါ။ အမှုဆောင်သစ်ရွေးချယ်ပွဲများလည်း မလုပ်နိုင် ကြပါ။ သမဝါယမအသင်းပိုင် မွေးမြူရေးအဆောက်အဦများစွာ ရှိပါသေးတယ်။ ပိုင်ဆိုင်မှုများကို အသင်းသားများဆန္ဒမခံယူဘဲ စီမံခန့်ခွဲနေကြပါတယ်။ မြို့ကြီးများပေါ်ရှိ အဆောက်အဦများ ငှားရမ်းချထားမှုကိုလည်း အမြဲဝေဖန်ကန့်ကွက်ခံနေရပါတယ်။ သမဝါယမပိုင်မြေယာများလည်း ရှိပါသေးတယ်။ ကျေးရွာများမှာတော့ မြေယာများကို အငှားချထားပေးပါတယ်။ အငှားချထားခငွေများ ကိုတော့ မြို့နယ်သမဝါယမသို့မရောက်ရှိဟု သိရပါတယ်။ မြို့နယ်/ဗဟိုတိုင်းဒေသကြီး သမဝါယမ အဖွဲ့အစည်းများရဲ့ နှစ်စဉ်ရရှိသောအကျိုးအမြတ်များဟာလည်း မူလ ပိုင်ရှင်ပြည်သူများနဲ့လုံးဝ မသက်ဆိုင်သလို ဖြစ်နေပါတယ်။ ပြည်သူတွေကတော့ သမဝါယမအဖွဲ့ကြီးဟာ အဆင်ပြေသလို ဝါးစေနေကြတယ်လို့ စွပ်စွဲကြပါတယ်။ သမဝါယမအသင်းတည်ထောင်ခြင်းရဲ့ မူလရည်ရွယ်ချက်က ပြည်သူတွေကုန်ပစ္စည်းများကို သက်သာတဲ့နှုန်းထားနဲ့ ဝယ်ယူသုံးဆောင်နိုင်ရေးနဲ့ ရရှိတဲ့အကျိုး အမြတ်များကို ပြည်သူများသို့ ပြန်လည်ပံ့ပိုးရန်ဖြစ်ပါတယ်။ ယခုတော့ ရည်ရွယ်ချက်ပန်းတိုင် ပျောက်နေပါပြီ။

သမဝါယမအဖွဲ့အစည်းနဲ့ပတ်သက်လို့ အချက်သုံးချက်စဉ်းစားမိပါတယ်။ (၁)အချက်ကတော့ မြွေမသေတုတ်မကျိုးစနစ်နဲ့ မှတ်တမ်းတင်စောင့်ကြည့်မလား။ (၂)ရှင်သန်ဖွံ့ဖြိုးအောင်ပံ့ပိုးမလား။ (၃)အဖွဲ့အစည်းကိုဖျက်သိမ်းပြီး အခြားကဏ္ဍတစ်ခုသို့ အသွင်ပြောင်းမလားဆိုပြီး တွေးမိပါတယ်။ (၁)အချက်အနေနဲ့ ပိုနေမြဲကျားနေမြဲ လျစ်လျူရှုထားလို့မရပါဘူး။ ပြည်သူပိုင်အရင်းအနှီးတွေ ဖြစ်ပါတယ်။ ပြည်သူ့မျက်နှာကြည့်ရပါမယ်။ ပိုင်ဆိုင်မှုတွေ ပြည်သူတွေခံစားစေချင်ပါတယ်။ လက်ရှိ ဝါးစေစနစ်ကို ပြည်သူတွေအော့နှလုံးနာနေပါပြီ။ (၂)အချက်အနေနဲ့ သမဝါယမအဖွဲ့အစည်းရှင်သန် ဖွံ့ဖြိုးအောင် ပံ့ပိုးမှုက မလွယ်ပါဘူး။ ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့ ရှင်သန်ဖွံ့ဖြိုးအောင်လုပ်ဖို့ လုံးဝမဖြစ်

နိုင်ပါ။ ခေါက်ရိုးကျိုးအကျင့်တွေပြင်မရပါဘူး။ ပိုးသာကုန်မောင်ပုံစောင်းမတတ်အဖြစ်ပါ။ ဆရာဝန်လောကမှာ ကြုံရတာလေးပြောပြချင်ပါတယ်။ လူနာကသေငယ်ဇောမျောနေပါပြီ။ Gusting ဝင်နေပါပြီ။ ဆရာဝန်ကလက်မလျှော့ဘူး။ ဆေးတစ်လုံးပြီးတစ်လုံး ဆက်တိုက်ထိုးနေတယ်။ လူနာရှင်က နောက်ဆုံးမှာစကားတစ်ခွန်းပြောလာပါတယ်။ ဆရာရယ်လက်လျှော့ပါတော့ ဆေးအတွက်ပိုလေးနေပါ့မယ်တဲ့။ သမဝါယမအဖွဲ့အစည်းကယ်တင်ဖို့က ဒါနဲ့အလားတူဖြစ်နေပါတယ်။ မှတ်တမ်းတောင်မှ မတင်သင့်ဘူးလို့ထင်မိပါတယ်။ (၃)အချက်အနေနဲ့ သမဝါယမအဖွဲ့အစည်းကိုဖျက်ပြီး အသွင်ပြောင်းဖို့ဆွေးနွေးလိုပါတယ်။ သမဝါယမ သာဝ မယာဝဆိုပြီး နာမည်ကိုက ဓာတ်သက်ပါနေပါတယ်။ နာမည်ကစပြောင်းရပါမယ်။ ဗဟိုဦးစီးစနစ်နဲ့စီမံခန့်ခွဲတာလည်းပြောင်းရပါမယ်။ အကောင်းဆုံးကတော့ သမဝါယမပိုင်ဆိုင်မှုတွေကိုထုခွဲပြီး ကျေးရွာ၊ မြို့နယ်ခွဲတမ်းများချပေးပါ။ ကိုယ်ပိုင်အစီအစဉ်များဖြင့် ကိုယ့်ရွာ၊ ကိုယ့်မြို့ဖွံ့ဖြိုးရေးအတွက် အများပိုင်လုပ်ငန်းများလုပ်ကိုင်စေခြင်းပဲဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာများရှိ ရပ်မိရပ်ဖများကို တာဝန်ပေးကွပ်ကဲစေသင့်ပါတယ်။ စုပေါင်းလယ်ယာကုန်ထုတ်လုပ်ငန်း၊ စုပေါင်းလျှော်ဖြူစိုက်ခင်းစသည်ဖြင့် ကျေးလက်ဒေသများမှာ လုပ်ကိုင်လို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာနိုင်ငံကိုမပံ့ပိုးနိုင်တဲ့ ဝန်ကြီးဌာနတွေရှိပါတယ်။ ဝန်ထမ်းများရဲ့ဘဝရပ်တည်မှုကို ငဲ့ညှာပြီး နိုင်ငံတော်က ပံ့ပိုးနေရပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ ဝန်ကြီးဌာနတွေကတော့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်နေတာကြောင့် နိုင်ငံတော်ကအစွမ်းကုန်ပံ့ပိုးသင့်ပါတယ်။ နိုင်ငံဖွံ့ဖြိုးရေးမလုပ်ဆောင်နိုင်တဲ့ဝန်ကြီးဌာနတွေအတွက် နိုင်ငံကတာဝန်မယူသင့်ပါ။ လက်ရှိဝန်ထမ်းများကို အခြားဝန်ကြီးဌာနများမှ ကူးပြောင်းတာဝန်ပေးသင့်ပါတယ်။ ပြုပြင်ပြောင်းလဲမှုက မဖြစ်မနေလုပ်ရမှာပါ။ အမြစ်ကနေ အကိုင်း၊ အခက်၊ အသီး၊ အပွင့်ထိပြောင်းလဲမှအောင်မြင်မှာပါ။ ဒီလိုပြောင်းလဲမှုလုပ်ပြီး ပြည်သူ့ဘဏ္ဍာငွေတွေ ပြည်သူ့လက်ထဲပြန်ရောက်အောင် ဆောင်ရွက်ကြပါလို့ အကြံပြုတင်ပြပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့ဆိပ်ကမ်းမြို့နယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမြို့ဆိပ်ကမ်းမြို့နယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒဂုံမြို့ဆိပ်ကမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရွှေပြည်သာမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း တင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ သမဝါယမကဏ္ဍနဲ့ပတ်သက်လို့ အချို့သောနိုင်ငံခြားတိုင်းပြည်များမှာ သမဝါယမလုပ်ငန်းများလွန်စွာအောင်မြင်နေသလောက် ကျွန်မတို့မြန်မာနိုင်ငံမှာ ဘာကြောင့်မအောင်မြင်ရသလဲဆိုတာကို လေးလေးနက်နက်စဉ်းစားသုံးသပ်ဖို့ လိုပါတယ်။ သမဝါယမဆိုတာ ၎င်းသမဝါယမအသင်းသားများရဲ့ စုပေါင်းထည့်ဝင်ငွေနဲ့ လုပ်ငန်းလည်ပတ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်လို့ ၎င်းအဖွဲ့ဝင်တွေ စုပေါင်းပိုင်ဆိုင်တဲ့ စီးပွားရေး ဒါမှမဟုတ် Social Enterprise လို့ခေါ်တဲ့ လူမှုရေးဦးတည်ချက်နဲ့ အလုပ်လုပ်ကြတဲ့ စီးပွားရေးလုပ်ငန်းများဖြစ်ပါတယ်။ ဥပမာအားဖြင့်ပြောရရင် စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ သမဝါယမတစ်ခုဟာ ၎င်းသမဝါယမရဲ့ အသင်းဝင်တောင်သူများအဆင်ပြေစေဖို့ စိုက်ပျိုးစရိတ်

ချေးငွေထုတ်ပေးခြင်း၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ ထွန်ယက်ကိရိယာ၊ ခေတ်မီစိုက်ပျိုးနည်းပညာများ ဖြည့်ဆည်းပေးခြင်းအပြင် ထွက်ရှိလာတဲ့စိုက်ပျိုးရေးထွက်ကုန်များကို ဈေးကွက်မှာ ဈေးအနှိမ်မခံရဘဲ ဈေးကွက်ပေါက်ဈေးနဲ့ ရောင်းချနိုင်ဖို့ ဒါမှမဟုတ် သီးနှံပေါ်လို့ ဈေးကျတဲ့အချိန်မှာ သမဝါယမက ခေတ္တဝယ်ယူထားပေးပြီး ဈေးကောင်းရမှ ထုတ်ရောင်းတာမျိုး လုပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီလိုကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ဖွဲ့စည်းထားပေမဲ့ မြန်မာနိုင်ငံရဲ့ သမဝါယမလုပ်ငန်းကဏ္ဍကြီးမှာ အောင်မြင်မှုနိမ့်ကျနေပြီး အလွဲသုံးစားမှုတွေများပြားနေတာ ဘာကြောင့်လဲဆိုတာကို စီမံခန့်ခွဲမှုရှုထောင့်မှ သုံးသပ်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ စီးပွားရေးစီမံခန့်ခွဲမှုမှာ Principal Agent Theory ဆိုတာ ရှိပါတယ်။ Principal ဆိုတာ မူလပိုင်ရှင်ဖြစ်ပြီး Agent ဆိုတာကတော့ မူလပိုင်ရှင်ရဲ့အကျိုးအလို့ငှာ လုပ်ငန်းဆောင်ရွက်ရတဲ့ ပိုင်ရှင်မှတာဝန်လွှဲအပ်ခြင်းခံရတဲ့ ကိုယ်စားဆောင်ရွက်သူဖြစ်ပါတယ်။ အကယ်လို့ ပိုင်ရှင်က စီးပွားရေးလုပ်ငန်းကို ကိုယ်တိုင်ဆောင်ရွက်တဲ့အခါ ရလာတဲ့အကျိုးအမြတ်အားလုံးကို ၎င်းပိုင်ရှင်ကိုယ်တိုင် ခံစားပိုင်ခွင့်အပြည့်အဝရှိပါတယ်။ လုပ်ငန်းမအောင်မြင်ခဲ့လျှင်လည်း ပေါ်ပေါက်လာတဲ့အရှုံးငွေများကို ပိုင်ရှင်ကိုယ်တိုင်ကျခံရတာဖြစ်ပါတယ်။ အဲဒါကြောင့် ပိုင်ရှင်ကိုယ်တိုင် မိမိအလုပ်ကို မိမိဦးဆောင်ပြီးလုပ်တဲ့အခါ အောင်မြင်အောင်လုပ်ရမယ်ဆိုတဲ့တွန်းအား အပြည့်အဝရှိပါတယ်ရှင့်။ သမဝါယမကဏ္ဍမှာတော့ အသင်းဝင်များဟာ ပိုင်ရှင်များဖြစ်ပြီး သမဝါယမရဲ့လုပ်ငန်းဆောင်တာများကို နည်းလမ်းအမျိုးမျိုးနဲ့ ရွေးချယ်ထားတဲ့ သမဝါယမလူကြီးဆိုသူ လူနည်းစုက ဦးဆောင်ကြရပါတယ်။ ဒီနေရာမှာ သမဝါယမလူကြီးများဟာ မူလပိုင်ရှင်များဖြစ်တဲ့ အသင်းသားများကိုယ်စားသာ လုပ်ငန်းဆောင်ရွက်ရတာဖြစ်လို့ ၎င်းတို့လုပ်အားနဲ့ရလာတဲ့ အကျိုးအမြတ်ရဲ့တချို့တစ်ဝက်ကိုသာ ခံစားခွင့်ရှိပြီး အမြတ်ဝေစုအများစုကို မူလပိုင်ရှင်အသင်းသားများကို ခွဲဝေပေးရတဲ့အတွက် လုပ်ငန်းအောင်မြင်အောင် ကျားကုတ်ကျားခဲဆောင်ရွက်မယ်ဆိုတဲ့ တွန်းအားမျိုး ၎င်းတို့မှာမရှိပါဘူး။ အဲဒီလိုမိမိအကျိုးအတွက်ပဲ လုပ်ဆောင်တတ်တဲ့ လူ့သဘာဝကိုကျော်လွှန်ပြီး အများအကျိုးစီးပွားကို မှန်မှန်ကန်ကန်ဆောင်ရွက်လာဖို့ စွမ်းဆောင်ရည်စီမံခန့်ခွဲရေးစနစ်၊ ဆုပေးဒဏ်ပေးစနစ်၊ စောင့်ကြပ်ကြပ်မတ်ခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် အသင်းသားများသို့ အစီရင်ခံခြင်းတို့ပါဝင်တဲ့ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုစနစ်တစ်ရပ် လိုအပ်နေတာဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ Principal Agent Theory ဟာ သမဝါယမလုပ်ငန်းကဏ္ဍတစ်ခုတည်းမှာမှ မဟုတ်ဘဲ အများထည့်ဝင်တဲ့ရှယ်ယာများနဲ့ အလုပ်လုပ်ကြတဲ့ အများပိုင်ကုမ္ပဏီကြီးများ၊ အများပြည်သူကိုစီမံအုပ်ချုပ်ရတဲ့ နိုင်ငံတွေရဲ့အစိုးရများနှင့်လည်း သက်ဆိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ပြည်သူများဟာ နိုင်ငံတစ်ခုကိုစုပေါင်းပိုင်ဆိုင်ကြတဲ့ မူလပိုင်ရှင်များဖြစ်ပြီး အစိုးရအဖွဲ့ဆိုတာကတော့ မူလပိုင်ရှင်ပြည်သူများရဲ့အကျိုးငှာ ပြည်သူများကိုယ်စား နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဦးဆောင်ရတဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို အပ်နှင်းခံရတဲ့ကိုယ်စားလှယ်အဖွဲ့အစည်းတစ်ခုဖြစ်လို့ဖြစ်ပါတယ်။ အဲဒါကြောင့် ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုရှိခြင်း/မရှိခြင်းဟာ အများနဲ့သက်ဆိုင်တဲ့အဖွဲ့အစည်းတွေရဲ့ အောင်မြင်ခြင်း/မအောင်မြင်ခြင်းကို ပြဋ္ဌာန်းတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံရဲ့သမဝါယမကဏ္ဍအောင်မြင်ဖို့နဲ့ သမဝါယမအဖွဲ့အစည်းတိုင်းမှာ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုစနစ်တစ်ရပ်ရှိဖို့ဆိုရင် ၎င်းစနစ်ကို တည်ထောင်နိုင်မယ့်အရည်အချင်း ရှိတဲ့၊ အများကယုံကြည်တဲ့ ဦးဆောင်သူများ လိုအပ်ပါတယ်။ အရည်အချင်းရှိသူတွေ၊ လူမှန်၊ နေရာမှန် နဲ့ စည်းစနစ်ကျကျအောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ အသင်းသားများအကြား လွတ်လပ်တရားမျှတ ပြီး သမာသမတ်ကျတဲ့ရွေးကောက်မြှောက်ခြင်းလုပ်ငန်းစဉ်များ လိုအပ်ပါတယ်။ မှန်ကန်တဲ့နည်းလမ်း တွေနဲ့ ရွေးကောက်ခံရတဲ့ သမဝါယမလူကြီးများကိုလည်း စီမံခန့်ခွဲမှုနည်းပညာ၊ အသင်းသားများသို့ အစီရင်ခံခြင်းနဲ့ နိုင်ငံတကာက လက်ခံတဲ့ ဘဏ္ဍာရေးအစီရင်ခံစာများ ရေးဆွဲအသုံးပြုနိုင်ဖို့ နည်းပညာအကူအညီများကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပေးနိုင်ဖို့ လိုအပ်ပါလိမ့်မယ်။ မြန်မာနိုင်ငံ ရဲ့ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်မြင်ဖို့နဲ့ အသင်းဝင်များအခွင့်အရေးကို အကာအကွယ်ပေး နိုင်ဖို့ ရှိရင်းစွဲ ၁၉၉၅ ခုနှစ်၊ သမဝါယမဥပဒေကို ပြန်လည်သုံးသပ်ဖို့လိုအပ်ပါလိမ့်မယ်။ ဒါ့အပြင် သမဝါယမဦးစီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲခြင်းစွမ်းရည်များမြှင့်တင်ပြီး သမဝါယမကဏ္ဍရဲ့ အလွဲသုံးစားမှု နဲ့ အကျင့်ပျက်ခြစားမှုတို့ကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ လုံလောက်တဲ့အရည်အသွေး မြှင့်တင်ခြင်းနဲ့ အခွင့်အာဏာပေးအပ်ခြင်းတို့လည်း လိုပါလိမ့်မယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ အချုပ်အားဖြင့်ပြောရလျှင် သမဝါယမကဏ္ဍဟာ တိုင်းပြည်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ဖို့အတွက် လိုအပ်တဲ့ကဏ္ဍတစ်ခုဖြစ်ပြီး သမဝါယမကဏ္ဍကြီးတစ်ခုလုံး မှန်မှန်ကန်ကန်နဲ့ ကြီးပွားတိုးတက်ဖို့ ၁၉၉၅ ခုနှစ်၊ သမဝါယမဥပဒေပြင်ဆင်ရေးကစပြီး သမဝါယမကဏ္ဍအလုံးစုံ ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေကြောင်း မီးမောင်းထိုးပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါ။ ကျွန်တော် ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း တင်သွင်းထားတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမကို အဆိုးမြင်စိတ်များနဲ့ ပြုပြင် ပြောင်းလဲ၍မရဘဲ မျှတတဲ့စိတ်များနဲ့သာ ပြုပြင်ပြောင်းလဲ၍ရနိုင်တယ်ဆိုတဲ့အယူအဆကို မီးမောင်း ထိုးပြလိုတဲ့သဘောနဲ့ ပါဝင်ဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။ သမဝါယမဆိုတာဟာ စုပေါင်းခြင်းနှင့်အားစိုက်ခြင်းတို့ ပေါင်းစပ်အဓိပ္ပာယ်ယူထားခြင်း ဖြစ်ပါတယ်။ စိတ်တူကိုယ်တူရှိတဲ့လူတစ်စုက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုလုပ်ငန်းတွေကို စုပြီး အများဆန္ဒအရ ကိုယ်တိုင်စီမံခန့်ခွဲရတဲ့စနစ်ဖြစ်ပါတယ်။ ဒီသဘောတရားဟာ သမဝါယမစိတ်ဓာတ် အပြည့်ရှိတဲ့ သမဝါယမဘက်တော်သားတွေရဲ့ ရင်ထဲကအသံဖြစ်ပါတယ်။ သူတို့ကို ဘယ်လွှမ်းမိုးမှုမှ မလိုလားကြပါဘူး။ သမဝါယမဦးစီးဌာနရဲ့တာဝန်တွေကတော့ ဥပဒေအရ စည်းရုံးခြင်း၊ ပညာပေးခြင်း နှင့် ထိန်းကျောင်းတည့်မတ်ခြင်းတို့သာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သမဝါယမအသင်းသား

ဦးရေဟာ လူဦးရေရဲ့ ၁၂ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် အင်အားရှိလှတဲ့၊ အစားမထိုးနိုင်တဲ့ Social Economic Community တစ်ခုဖြစ်နေတယ်ဆိုတာလည်း မငြင်းနိုင်ပါဘူး။ သမဝါယမစနစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်တိုင်တစ်ခုဖြစ်တဲ့ နိုင်ငံတော်အစိုးရပိုင်းက သမဝါယမဦးစီးဌာနရဲ့ မူဝါဒ ငါးရပ်၊ ရည်မှန်းချက်လေးရပ်၊ လုပ်ငန်းစဉ်ကိုးရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကိုဦးတည်ပြီး ယခင်ကဆောင်ရွက်ထားခဲ့တဲ့လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်သလို လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းများ ပေါ်ပေါက်လာခြင်း မျိုးစေ့ထုတ်သမဝါယမအသင်းများတိုးမြှင့်ဖွဲ့စည်းနိုင်ခြင်းစတဲ့ ထူးခြားစွာ ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းများဟာ အင်မတန်ကောင်းလှပါတယ်။ အသိအမှတ်ပြုသင့်ပါတယ်။ ဝေဖန်စရာမရှိပါဘူး။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ အခြားထောက်တိုင်တစ်ခုကတော့ သမဝါယမအသင်း များနှင့် အသင်းသားများပဲဖြစ်ပါတယ်။ နေ့စဉ် ပြည်သူတွေနဲ့အတူ လွှတ်တော်ကိုယ်စားလှယ်များ မြင်တွေ့သိရှိနေရတဲ့အပိုင်းလည်းဖြစ်ပါတယ်။ ဥပဓိရုပ်မကောင်းသောအသင်းများ၊ ကိုယ်ကျိုးရှာ အမှုဆောင်များ၊ စေတနာမမှန် သမဝါယမအသင်းသားများကြောင့် လူထုကြားမှာ သမဝါယမပုံရိပ် ကျဆင်းလာရခြင်းဖြစ်ပါတယ်။ ဒါကြောင့် အသင်းနဲ့ အသင်းသားအရေးအတွက်ကို အဓိကမထားဘဲ အသင်းများဖွဲ့စည်းမှုကို ကျစ်လျစ်ခိုင်မာစေပြီး အသင်းသားများရဲ့ လူမှုရေး၊ စီးပွားရေးကို အထောက်အကူပြုနိုင်ဖို့ လိုအပ်ပါတယ်။ မဟုတ်တဲ့အသင်းတွေကို ဥပဒေနဲ့အညီ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပြည်သူကိုဗဟိုပြုတဲ့စနစ်ဖြစ်တာကြောင့် ပြည်သူ မယုံကြည်ရင်၊ အားမကိုးရရင်၊ အားမပေးရင် ဘယ်တော့မှမအောင်မြင်ဘူးဆိုတာလည်း သိရှိထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ လက်ရှိသမဝါယမဥပဒေကို ပြင်ကြမလား။ မေးဖို့ လိုလာပါပြီ။ လက်ရှိသမဝါယမဥပဒေ၊ နည်းဥပဒေမှာ သမဝါယမရဲ့အနှစ်သာရတွေ၊ အပြည်ပြည်ဆိုင်ရာသမဝါယမအခြေခံမူတွေ၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ကိုက်ညီမှုတွေ ပြည့်စုံနေပြီး ဥပဒေအရ အများဆန္ဒနှင့်အညီဖွဲ့စည်းခြင်း၊ အမှုဆောင်ရွေးချယ်ခြင်းတို့ကို ပြဋ္ဌာန်းထားတာဖြစ်တဲ့ အတွက် ဒီမိုကရေစီခေတ်မှာ အကောင်းဆုံးဥပဒေတစ်ရပ်လို့တောင် ဆိုနိုင်ပါတယ်။ ဥပမာအားဖြင့် နည်းဥပဒေ ၇၀ အပိုဒ်ခွဲ(က)မှာ အများဆန္ဒနှင့်အညီ မိမိအသင်း၏ကိစ္စအဝဝကို ဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပြုပြင်မယ်ဆိုရင်တော့ ဈေးကွက်စီးပွားရေးစနစ်နဲ့ အံဝင်ခြင်း၊ အသင်းသားများ၏ လွတ်လပ်မှု၊ ကိုယ်ပိုင်အုပ်ချုပ်မှုအပြည့်ရှိခြင်း၊ အနှစ်သာရတွေကို မပျက်စီးစေဘဲသာ ပြင်ဆင်ရမှာဖြစ်ပါတယ်။ သမဝါယမအသင်းများကို သမဝါယမနည်းဥပဒေ အခန်း(၁၁) နည်းဥပဒေ ၆၆၊ ၆၇၊ ၆၈ တို့အရ စာရင်းများစစ်ဆေးနိုင်ပါတယ်။ အသင်းသားတစ်ဦးရဲ့ တိုင်ကြားမှုရှိရင် တစ်ဆင့်မြင့် သမဝါယမဦးစီးဌာနနှင့် အသင်းကိုယ်စားလှယ်များပါတဲ့ အဖွဲ့နဲ့စစ်ဆေး နိုင်တဲ့ အခွင့်အရေးတွေကို နည်းဥပဒေ ၆၉ မှာ ပြဋ္ဌာန်းထားတာကြောင့် လက်ရှိသမဝါယမဥပဒေ၊ နည်းဥပဒေဟာ စာရင်းစစ်ဆေးခြင်းနှင့်ပတ်သက်လို့ ပရမ်းပတာနိုင်တဲ့ဥပဒေမဟုတ်တာကို သိရှိနိုင်ပါ တယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားတဲ့ သမဝါယမအမှုဆောင်များ၊ ပါတီနိုင်ငံရေးကင်းရှင်းရန်ကိစ္စကတော့ ဖက်ဒရယ်ဒီမိုကရက်တစ်နိုင်ငံတည်ထောင်နေဆဲ ဒီနေ့ကာလမှာ လုံးဝမဖြစ်သင့်တော့ပါဘူး။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသစ်ကို နမူနာယူသင့်ပါတယ်။ ဒါကြောင့်မို့လို့ အမှုဆောင်များရွေးချယ်ခြင်းမှ ခေတ်မစားတော့တဲ့ ပါတီနိုင်ငံရေးကင်းရှင်းရန်ကိစ္စကို ပယ်ဖျက်သင့်ကြောင်း အကြံပြုလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမအသင်းများရဲ့ ကျဆုံးရခြင်းအကြောင်းတွေကို လေ့လာကြည့်လိုက်မယ်ဆိုလို့ရှိရင် ယခင်ခေတ်က အမှုဆောင်ဟောင်းများ အများစုပါဝင်ပြီး မလိုအပ်ဘဲ အမှုဆောင်အင်အားတွေ ပြည့်စုံမှုမရှိတဲ့ကိစ္စတွေ၊ အချို့လုပ်ငန်းတွေရပ်ဆိုင်းနေတာတွေ၊ ခေတ်အဆက်ဆက်က ပါလာတဲ့ဝန်ထမ်းတွေကို မလိုအပ်ဘဲခန့်ထားပြီး အင်အားဖောင်းပွနေတာတွေ၊ အသင်းပိုင်စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦ၊ ရင်းနှီးပစ္စည်းတွေကို ကိုယ်တိုင်မလုပ်ဘဲ ငှားရမ်းထားတာတွေ၊ ယခင်လုပ်ငန်းတွေကိုသာ မှီခိုပြီး လုပ်ငန်းတိုးတက်မှုမရှိတာတွေ၊ အထက်က ဖိအားပေးလုပ်ခိုင်းမှုကြောင့် အရှုံးပေါ်တာတွေကို အကြမ်းဖျင်းတွေ့ရှိရမှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲဖို့အတွက် ဆောင်ရွက်မယ့်အချက်တွေကို ဆက်လက်ဆွေးနွေးရမယ်ဆိုရင် အမှုဆောင်အဖွဲ့မှာ မျိုးဆက်သစ်လူငယ်တွေကို လက်တွဲပြီး လက်ဆင့်ကမ်းတာဝန်ပေး ပြန်လည်ရွေးချယ်ရပါမယ်။ လုပ်ငန်းအတွက် လိုအပ်တဲ့အမှုဆောင်နဲ့ ဝန်ထမ်းအင်အားကိုသာ ခန့်ထားရပါမယ်။ အသင်းပိုင်ပစ္စည်းတွေကိုလည်းပဲ၊ ရင်းနှီးပစ္စည်းတွေ၊ အဆောက်အဦတွေကိုလည်းပဲ ကိုယ်တိုင်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ရပါမယ်။ အသင်းအမှုဆောင်ရွေးချယ်ရာမှာ ဌာနက ဝင်မစွက်ဘဲ အသင်းသားများဆန္ဒဖြင့် ဒီမိုကရေစီနည်းကျရွေးချယ်ရပါမယ်။ အသင်းအဆင့်ဆင့်၊ ဌာနအဆင့်ဆင့်ပြေလည်စွာဆက်ဆံပြီး လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရပါမယ်။ အသေးစားချေးငွေနဲ့ လယ်ယာလုပ်ငန်းသမတွေကို လုပ်ငန်းခွဲတွေအဖြစ် ဆောင်ရွက်ရပါမယ်။ ပြည်သူများအကြား သမဝါယမပညာပြန့်ပွားရေးအတွက် ဟောပြောစည်းရုံးတာတွေ၊ မီဒီယာဖြင့်စည်းရုံးတာတွေ၊ အလုပ်ဖြင့်သက်သေပြခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့အစိုးရခေတ်မှာတော့ သမဝါယမဦးစီးဌာနအနေနဲ့ တတ်နိုင်သလောက်ကူညီထောက်ပံ့နေတဲ့အချက်ကတော့ မငြင်းနိုင်တဲ့အချက်ဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ ဦးစီးဌာနအနေနဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေကို ဒီထက်ပိုပြီး အကောင်အထည်ဖော်နိုင်ဖို့ သမဝါယမလောကကြီးတိုးတက်ဖို့အတွက် ပြည်သူကို စည်းရုံးရမယ်။ သမဝါယမအသင်းများကို ထိန်းကျောင်းတည့်မတ်ပဲ့ပြင်ဆုံးမရမယ်။ နိုင်ငံတော်အစိုးရမှလည်း ကူညီစောင့်ရှောက်ကယ်တင်ပေးရန် တိုက်တွန်းရင်း ဒေါ်ဝင့်ဝါထွန်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)အတွတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ခ)အတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးဖြစ်ပြီး ရှားတောမဲဆန္ဒနယ်က ဒေါ်ဝင့်ဝါထွန်းရဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမဦးစီးဌာနရဲ့မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်ဆိုပြီးတော့ အဆိုရှင်က ရေးထားတာ ရှိပါတယ်။ အဲဒီ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီးဆိုတဲ့ အတွက်ကြောင့် အဆိုရှင်ရဲ့အဆိုအရ လက်ရှိသမဝါယမလုပ်ငန်းတွေကို အောင်မြင်စွာအကောင် အထည်မဖော်နိုင်ဘူးဆိုတဲ့အဓိပ္ပာယ်သက်ရောက်တာ ဖြစ်ပါတယ်။ ဒါဟာ လက်ရှိအပြင်တွေမှာလည်း အမှန်တရားတစ်ခုဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ရည်မှန်းချက် ၁၁ ရပ်ထဲကနေပြီး သမဝါယမ ကဏ္ဍနဲ့သက်ဆိုင်တဲ့ရည်မှန်းချက်ဟာ လေးရပ်ရှိပါတယ်။ ပြီးတော့ မူဝါဒငါးရပ်၊ သမဝါယမစနစ်ဖွံ့ဖြိုး ဖို့လုပ်ငန်းစဉ်၊ သမဝါယမနှင့်ပတ်သက်တဲ့ Action Plan က ရှစ်ရပ်၊ အဓိကအားဖြင့် ကျွန်တော်ဆိုလို တာကတော့ သမဝါယမမှာ ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ၊ Action Plan တွေဆိုတာ က အမြဲတမ်းပြည့်စုံနေပါတယ်။ ဥပဒေကို ကြည့်မယ်ဆိုလည်း ပြည့်စုံပါတယ်။ အဓိကကတော့ သန္ဓေ မကောင်းခဲ့တာရယ်၊ အခုလက်ရှိမှာ အကောင်အထည်မဖော်နိုင်တာတွေက အဓိကပြဿနာဖြစ်နေပါ တယ်။ လက်ရှိ သမဝါယမပြန်လည်အသက်ဝင်လာတာကတော့ EXIM Bank က ချေးငွေကနေ ဖြစ်ပါ တယ်။ ဒီနေရာမှာ China EXIM Bank ကနေ ချေးတဲ့ချေးငွေရဲ့ရည်ရွယ်ချက်ဟာ ဆင်းရဲမှုလျှော့ချ ရေးနှင့် လိုအပ်တဲ့အရင်းအနှီးတွေကို အတိုးနှုန်းသက်သာစွာနဲ့ရရှိရေးတို့ ဖြစ်ပါတယ်။ ဒါဟာ China EXIM Bank က ချေးတဲ့ချေးငွေရဲ့အဓိကရည်ရွယ်ချက်ပါ။ အဓိကကတော့ ငွေချေးတာပါပဲ။ ငွေစု ငွေချေးတွေလုပ်မယ်ဆိုရင်လည်း ငွေစုငွေချေးနဲ့ပတ်သက်ပြီးတော့ ဝန်ထမ်းတွေ၊ အမှုဆောင်တွေ၊ အသင်းသားတွေ၊ လိုက်နာရမယ့်အချက်တွေလည်း ပြည့်ပြည့်စုံစုံရှိပါတယ်။ သို့သော် ဒီ China EXIM Bank က ချေးတဲ့ချေးငွေက ဘာကိုဦးတည်နေသလဲဆိုတော့ အပေါ်မှာရှိပါတယ်။ ဒီမှာ ဌာနက ထုတ်ထားတဲ့စာရွက်ထဲမှာ ချေးငွေကျပ်သိန်း ၁၀၀ ကို ရရှိတဲ့အခါကျရင် ချေးယူတဲ့အသင်းတစ်သင်း ဟာ နောက်လေးနှစ်ကြာတဲ့အခါကျမှ မိမိဘာသာရပ်တည်နိုင်မှုအခြေအနေကို ငွေရေးကြေးရေးနဲ့ ၁၈၁.၈၆ သိန်းရှိမယ်လို့ ဖော်ပြထားပြီးတော့ အောက်ကအချက်မှာတော့ EXIM Bank ရဲ့ချေးငွေ ကာလ ၁၀ နှစ်ပြည့်တဲ့အချိန်မှာတော့ ချေးငွေအားလုံးကို အကျေပြန်ဆပ်ပြီးတဲ့အချိန်မှာ အသင်းပိုင် အဖြစ်နဲ့ ကျပ် ၄၁၇.၄၈ သိန်းကျန်ရှိပြီးတော့ ဖွံ့ဖြိုးမှုအဆင့်ကို ရောက်ရှိမယ်လို့ ပြောပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုတော့ နောင် ၁၀ နှစ်ကြာတဲ့အခါကျရင် သမဝါယမအသင်းဟာ လက်ရှိချေးတဲ့ သိန်း ၁၀၀ အပေါ်မှာ ၄၁၇ သိန်းကျော်ဖြစ်တဲ့အတွက်ကြောင့် လေးဆကျော်ကို အသင်းပိုင်အဖြစ်နဲ့ ရပ်တည် နိုင်မယ်။ တစ်နည်းအားဖြင့်ပြောရရင် အသင်း၏ဖွံ့ဖြိုးဖို့ကို ဦးတည်ရတာ တွေ့ရပါတယ်။ ဒီနေရာမှာ ဒီ ၁၀ နှစ်ကြာတဲ့အချိန်မှာ သမဝါယမအသင်းသားတွေ ဘယ်လိုအခြေအနေတွေ ရင်ဆိုင်ရမယ်။ ဘယ်လို ဖြစ်နိုင်မယ်ဆိုတာကိုတော့ ထည့်သွင်းရေးဆွဲထားတာ မတွေ့ရပါဘူး။ ဒီနေရာမှာ ကျွန်တော်တို့က ချေးငွေနဲ့ပတ်သက်ပြီးတော့ ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ချေးပေးနိုင်ခဲ့သလား။ အဲဒီ ရဲ့အကျိုးရလဒ်တွေကရော အခုအမှန်တကယ်မြင်တွေ့နေရပါပြီလား။ အဲဒီလိုမဟုတ်ရင် ပြဿနာတွေ

ပဲ တွေ့နေရတာလားဆိုတာကို မှန်မှန်ကန်ကန်သုံးသပ်မိဖို့လိုပါတယ်။ လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ရဲ့တိုင်စာတွေအရ၊ တွေ့ဆုံဆွေးနွေးမှုတွေအရ အခြေခံအသင်းတွေကို ဦးဆောင်သူတွေ ရော၊ အသင်းသားတွေပါ အခက်အခဲနဲ့ ရင်ဆိုင်နေရတာ ပြင်းပယ်လို့မရတဲ့အခြေအနေတွေပါ။ သမဝါယမအသင်းအဆင့်အဆင့်မှာ နိုင်ငံရေးပါတီဝင်တွေက အမှုဆောင်နေရာတွေမှာ၊ ဦးဆောင်တဲ့ နေရာတွေမှာ တာဝန်ယူခွင့်မရှိဘူးလို့ အသင်းရဲ့တာဝန်ရှိသူတွေ ပြောကြားတဲ့အတွက်ကြောင့် သိရပါ တယ်။

သို့သော် ဒါကို သမဝါယမဦးစီးဌာနအနေနဲ့လည်း ဆန်းစစ်နိုင်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ ပြည်သူကို ငွေချေးပေးတာတစ်ခုတည်းနဲ့၊ စုဆောင်းစေတာတစ်ခုတည်းနဲ့ အခုလို ငွေစုဆောင်းစေတာဟာ ဘယ်လောက်လက်တွေ့ကျပါသလဲ။ ဒီစုငွေကရော အသင်းသားအဆင်ပြေဖို့ ထက် အသင်းတွေခိုင်မြဲဖို့ကိုတောင် ဦးစားပေးနေတာ ဖြစ်ပါတယ်။ ဒီလိုစုဆောင်းရရှိတဲ့နေရာမှာ အသင်းသားတွေ ရင်ဆိုင်ရတဲ့အခက်အခဲ၊ လက်ရှိလုပ်ထုံးလုပ်နည်းအရ ဖြစ်ပေါ်နေတဲ့အခက်အခဲတွေ ကို ဖြေရှင်းပေးနိုင်မှသာလျှင် အသင်းသားတွေရဲ့ယုံကြည်မှုကို ရမှာဖြစ်ပါတယ်။ အခုချိန်မှာတော့ အခက်အခဲပြဿနာတွေကြားထဲမှာ လုံးလည်လိုက်နေတာဟာ လက်ရှိအမှန်တရားပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သမဝါယမရဲ့ပွင့်လင်းမြင်သာမှုမရှိတာဟာ ယခုအချိန်အထိပဲဆိုတာကို သက်သေပြတာပါ။ အဓိကဘာလဲဆိုတော့ အခုဆောက်နေတဲ့အဆောက်အဦဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအချိန် ကတည်းက ရှိခဲ့တဲ့မြေကွက်နေရာပါ။ ဒါပေမဲ့ အခုအချိန်မှာ အသင်းဝင်တွေကတောင် ဘာလုပ်နေမှန်း မသိတဲ့အတွက်ကြောင့်၊ မေးတဲ့အတွက်ကြောင့် ဒီအဆောက်အဦက ဘယ်လိုဖြစ်လာတာလဲလို့ အသင်း ကို မေးတဲ့အချိန်မှာ အသင်းကဟုတ်တယ်။ ကျွန်တော်တို့အစည်းအဝေးခေါ်တယ်။ ဒါပေမဲ့ အစည်း အဝေးမလာကြဘူး။ ဒါကြောင့် ဒါဖြင့် ဘာဖြစ်လို့ ဒီလို အဆောက်အဦကိုဆောက်လဲဆိုတော့ ပြည်နယ် သမဝါယမက အကြံပြုထားတဲ့အတွက် အခုလိုဆောက်တာလို့ သိရပါတယ်။ ကုမ္ပဏီကိုလည်း အဲဒီပြည်နယ်သမဝါယမအသင်းကပဲ ချိတ်ဆက်ထားတယ်လို့ သိရပါတယ်။ ဒီမြေကို ဒီလိုအသင်းက ဘယ်လိုကနေ ဘယ်လိုစီမံခန့်ခွဲခွင့်ရသွားလဲဆိုတာ အသင်းသူအသင်းသားတွေလည်း သေချာမသိ သလို ပြည်သူကတော့ လုံးဝမသိပါဘူး။ ဒါကြောင့် လက်ရှိပြည်သူကလည်း ရှင်းလင်းစွာမသိ။ အသင်းသားကတောင် မသိတဲ့အခြေအနေမှာ မြေပြင်အရှိတရားတွေဖြစ်နေတဲ့အတွက်ကြောင့် သမဝါယမဦးစီးဌာနအောင်မြင်ဖို့ မဖြစ်နိုင်သေးတဲ့အခြေအနေဖြစ်ပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပြီး ဒေါ်ဝင့်ဝါထွန်း၊ ရွှာတောမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ဝေဖန်အကြံပြုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ကိုလိုနီခေတ်သမဝါယမကို စတင်ဆွေးနွေးပါမယ်။ အင်္ဂလိပ်ကိုလိုနီခေတ်လက်အောက်ခံဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာအက်ဥပဒေကို ၂၅-၃-၁၉၀၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ပြည်နယ်တစ်ခုဖြစ်နေတဲ့ မြန်မာပြည်ကိုရောက်ရှိလာပြီး ၃-၁-၁၉၀၅ ရက်နေ့မှာ မြင်းမူသမဝါယမအသင်းကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကစလို့ မြန်မာ့သမဝါယမစတင်ပေါ်ပေါက်လာခဲ့ပြီး ငွေစုငွေချေးလုပ်ငန်းကိုလုပ်ကိုင်ခဲ့ပါတယ်။ ၁၉၁၂ ခုနှစ်၊ ၁၉၂၇ ခုနှစ်တွေမှာ သမဝါယမအသင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ကိုလိုနီခေတ်သမဝါယမကို လေ့လာတဲ့အခါမှာ အစိုးရက သမဝါယမအသင်းများကို ထုတ်ချေးတဲ့ချေးငွေအမျိုးအစားနဲ့ သမဝါယမအသင်းများက အသင်းသားများကို ထုတ်ချေးတဲ့ချေးငွေအမျိုးအစားဟူ၍ ချေးငွေနှစ်မျိုးထုတ်ချေးလုပ်ကိုင်ခဲ့ပါတယ်။ အစိုးရက သမဝါယမအသင်းများကို ထုတ်ချေးတဲ့ချေးငွေအမျိုးအစားများကတော့ တာတမံနှင့် ရေနုတ်မြောင်းလုပ်ငန်းချေးငွေ ချေးငွေကာလငါးနှစ်၊ ရေကန်တူးစရိတ်ချေးငွေ ချေးငွေကာလငါးနှစ် ဖြစ်ပါတယ်။ တစ်နှစ်လျှင် ၆ ၁/၄ အတိုးနှုန်းဖြစ်တဲ့အတွက် တစ်လမှာ ၅၂ ပြားနှုန်းပဲ ရှိပါတယ်။ အသင်းမှ အသင်းသားများကို ထုတ်ချေးတဲ့ချေးငွေအမျိုးအစား ခြောက်မျိုးရှိပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေနှင့် မီးဖိုချောင်စရိတ်ချေးငွေ ချေးငွေကာလတစ်နှစ်စီ ဖြစ်ပါတယ်။ ကျွဲ၊ နွားဝယ်ရန်စရိတ်ချေးငွေနဲ့ အိမ်ဆောက်စရိတ်ချေးငွေ ချေးငွေကာလသုံးနှစ်စီ ဖြစ်ပါတယ်။ တောခုတ်စရိတ်ချေးငွေနဲ့ ကြွေးဟောင်းဆပ်ချေးငွေ ချေးငွေကာလငါးနှစ်စီ ဖြစ်ပြီးတော့ တစ်နှစ်အတိုးက ၁၅ ကျပ်ဖြစ်တဲ့ အတွက် တစ်လမှာ တစ်ကျပ် ၂၅ ပြားနှုန်းဖြစ်ပါတယ်။ ကိုလိုနီခေတ်သူတစ်ပါးကျွန်ဖြစ်နေချိန်မှာ သမဝါယမချေးငွေများဟာ ပြည်သူနှင့်လက်တွေ့ဘဝကို တိုက်ရိုက်အကျိုးပြုခဲ့ပြီး အတိုးနည်းချေးငွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ၁၉၃၃-၁၉၃၄ ခုနှစ် အာရှတိုက်မှာ ဆန်စပါးတင်ပို့မှု၊ ရောင်းချနိုင်မှု အကောင်းဆုံး၊ အာရှတိုက်ရဲ့စပါးကျီဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားကို တစ်နှစ်ဆန်တင်ပို့နိုင်မှု တန်ချိန် ၃၇၇၉၀၀၀၊ ၃၇ သိန်းကျော်ရှိခဲ့ပါတယ်။ ရိုးရိုးဆန်၊ ပြုတ်ဆန် နှစ်မျိုးပါဝင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးရပြီး သမဝါယမကို ဆက်လက်ဆွေးနွေးပါမယ်။ ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီမိုကရေစီခေတ်လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ဖြစ်ခဲ့တဲ့အတွက် အစိုးရက သွင်းကုန်၊ ထုတ်ကုန်လိုင်စင်တွေချပေးပြီး ကုမ္ပဏီကြီးများနှင့် ရင်ပေါင်တန်းလုပ်ကိုင်စေခဲ့ပါတယ်။ ကုမ္ပဏီကြီးများရဲ့ဈေးကွက်အားလုံးကို လက်ဝါးကြီးအုပ်နိုင်မှုမှ ကာကွယ်နိုင်ခဲ့ပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ထိန်းနိုင်ခဲ့ပါတယ်။ ထိုအချိန်က သမဝါယမက ပုဂ္ဂလိကနဲ့ ပြိုင်ဆိုင်ရာမှာ ပစ္စည်းချင်းတူရင် ဈေးနှုန်းချိုရမယ်။ ဈေးနှုန်းချင်းတူရင် ပစ္စည်းကောင်းရမယ်ဟူသော ကြွေးကြော်ချက်အတိုင်း ဆောင်ရွက်ခဲ့တဲ့အတွက် အသင်းဆိုင်၊ လက်ကားဆိုင်၊ Con-core, Pro-core၊ တက္ကသိုလ်သမဝါယမဟူ၍ ပြည်သူချစ်သော သမဝါယမဖြစ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းစဉ်ပါတီခေတ်သမဝါယမနှင့် ယနေ့သမဝါယမကို ဆက်လက်ဆွေးနွေးပါမယ်။ လမ်းစဉ်ပါတီခေတ်သမဝါယမဟာ ၁၉၇၀ ခုနှစ်၊ သမဝါယမဥပဒေအပေါ်အခြေခံပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့ဒုတိယမဏ္ဍိုင်အဖြစ် ထားရှိဆောင်ရွက်ခဲ့ပါတယ်။ ဘွဲ့ရအလုပ်သင် ၃၀၀၀ ကျော်ကို တစ်နှစ်ခန့် လေ့ကျင့်သင်ကြားပေးပြီး ဝန်ကြီးဌာနတစ်ခုဖွင့်လှစ်

ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပါဘူး။ ပြည်သူများထည့်ဝင်သော အစုရှယ်ယာများ၊ ဝန်ထမ်းများရဲ့ GEC အစုရှယ်ယာများကို ပြန်လည်မပေးနိုင်ဘဲ နာမည်ပျက်ခဲ့ရပါတယ်။ ဆိုရှယ်လစ်ခေတ်သမဝါယမလုပ်ငန်းများ မအောင်မြင်ခဲ့သော်လည်း အသင်းပိုင်မြေများ၊ အဆောက်အဦများ၊ အရောင်းဆိုင်များ များစွာကျန်ရှိနေပါတယ်။ ဒါတွေက အများပိုင်ပစ္စည်းဖြစ်တဲ့အတွက် ပြန်လည်ဖော်ထုတ်စစ်ဆေးပြီး ၎င်းပစ္စည်းများကို ယခုသမဝါယမလုပ်ငန်း ပြန်လည်ထူထောင်ရာမှာ အသုံးပြုသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဆက်လက်ပြီး ယနေ့ခေတ်သမဝါယမကတော့ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေအပေါ်မှာ ဆောင်ရွက်တာ ဖြစ်ပါတယ်။ တရုတ် EXIM Bank ချေးငွေအပေါ် အခြေပြုချေးငွေလုပ်ငန်းနဲ့ Hire Purchase လုပ်ငန်းကို အဓိကလုပ်ကိုင်လျက် ပြည်သူယုံကြည်အားထားရသောသမဝါယမ ဖြစ်မလာသေးဘဲ အသက်ထွက်ခါနီးလူနာကို အသက်ကယ်ဆေးထိုးပြီး ထိန်းထားသလို ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် သမဝါယမလုပ်ငန်းများသည် ပြည်သူလူထု၏စားဝတ်နေရေးအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်း၊ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်သည့်အခါ သက်သာမှုရှိစေရန် ကာကွယ်တားဆီးပေးနိုင်ခြင်းစတဲ့ သမိုင်းအစဉ်အလာများ ရှိခဲ့ပါတယ်။ သမဝါယမဟာ မွန်မြတ်သော လူမှုစီးပွားရေးလုပ်ငန်းဟု ကမ္ဘာ့သမိုင်းမှာ နာမည်ကောင်းရလျက်ရှိနေပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံဈေးကွက်စီးပွားရေးမှာ ပုဂ္ဂလိကကုမ္ပဏီများက ထင်တိုင်းကြဲလို့မရအောင် ပြည်သူဘက်မှ ရပ်တည်ပေးလျက်ရှိသောသမဝါယမဖြစ်ရေး၊ နိုင်ငံတော်၏လိုအပ်ချက်ဖြစ်သော သွင်းကုန်အစားထိုးရေးနှင့် ထုတ်ကုန်တိုးမြှင့်ရေးတို့ကို သမဝါယမစိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ရန် လက်ရှိမြန်မာ့သမဝါယမအားနည်းချက်များကို လေ့လာသုံးသပ်ပြီး ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်ချက်နှင့်အညီ ပြည်သူလူထုယုံကြည်အားကိုးရသောသမဝါယမ ဖြစ်လာစေရန် ယနေ့သမဝါယမကို အဆိုရှင်တင်ပြသလို ပြန်လည်သုံးသပ်ပြီး အမြန်ဆုံးပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်သင့်ပြီဖြစ်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ဒေါ်ဝင့်ဝါထွန်း၊ ရွှေတောမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုကိုကြည့်လို့ရှိရင် အောက်ပါအချက်နှစ်ချက်ကို ဆောင်ရွက်ပေးရန်တိုက်တွန်းတယ်လို့ သဘောပေါက်ပါတယ်။ ပထမအချက်အနေနဲ့ကတော့ သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများဖွဲ့စည်းပေးပြီး အသင်းများတိုးတက်အောင်မြင်ရှင်သန်ကြီးထွားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ယခင်က သမဝါယမအသင်းများအနေဖြင့်

အထွေထွေအရပ်ရပ် နှစ်ပတ်လည်ညီလာခံများကျင်းပပြီးတော့ အစုပေါ်အမြတ်များခွဲဝေပေးခြင်း၊ အသင်းသားများသို့ ကံစမ်းမဲနှိုက်ပြီးလက်ဆောင်များပေးခြင်း စသည်ဖြင့်ဆောင်ရွက်ခဲ့တာ တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေမှာတော့ အသင်းများတည်ရှိနေသော်လည်း နိုင်ငံသူနိုင်ငံသားများအနေဖြင့် သမဝါယမအသင်းများရပ်တည်နေမှုကိုပင်မသိရှိကြခြင်း၊ စိတ်ဝင်စားမှုမရှိခြင်းတို့ကို မြင်တွေ့ရပါတယ်။ ဥပမာ ပဲခူးတိုင်းဒေသကြီး၊ ချောက်မြို့နယ်မှာ မြို့နယ်သောင်ဝအတွင်း GEC ပညာရေး၊ စိုက်ပျိုးရေးနှင့်အထွေထွေ၊ ငွေစုငွေချေးသမဝါယမအသင်းစတဲ့ အသင်းအရေအတွက်က ၂၈၆ သင်းရှိပြီးတော့ ထည့်ဝင်ပြီးအစုတန်ဖိုးမှာ ကျပ် ၂၅၄.၅၈ သိန်းနှင့် မြေအဆောက်အဦလုပ်ငန်း ပရိဘောဂရဲ့တန်ဖိုးဟာ ကျပ် ၁၂၄.၈၈ သိန်းဖြစ်ပါတယ်။ တစ်ပြည်လုံးအတိုင်းအတာနှင့်ကြည့်မယ်ဆိုလို့ရှိရင် သမဝါယမအသင်းများစွာမှာ ရှင်သန်အောင်မြင်မှုမတွေ့ရှိရတဲ့အပြင် ထည့်ဝင်ပြီးအစုတန်ဖိုးများပင်လျှင် မှန်ကန်စွာရှိ/မရှိတို့ကို ပွင့်လင်းမြင်သာစွာရှင်းလင်းဖော်ပြပေးရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ၃၁-၃-၂၀၁၇ ရက်နေ့အထိ အသင်းအမျိုးအစားအနေဖြင့် ဗဟိုသမဝါယမအသင်းတစ်သင်း၊ သမဝါယမအသင်းချုပ်အသင်းစုချုပ်က ၂၂ သင်း၊ သမဝါယမအသင်းစု ၄၆၄ သင်း၊ အခြေခံသမဝါယမအသင်း ၄၀၁၅၂ သင်း စုစုပေါင်း ၄၀၆၃၉ သင်းရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ် ငါးနှစ်အတွင်းမှာ အသင်းစု ၁၃ သင်း၊ အခြေခံအသင်း ၁၃၄ သင်း စုစုပေါင်း ၁၄၇ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ရပါတယ်။ စာရင်းရှင်းလင်းဖျက်သိမ်းရခြင်းကတော့ အမှုဆောင်အဖွဲ့တွေက နှုတ်ထွက်ခြင်း၊ အမှုဆောင်အဖွဲ့ဝင်များမပြည့်စုံခြင်း၊ စိတ်ဝင်စားမှုမရှိလို့ ဖျက်သိမ်းလိုကြောင်းတင်ပြခြင်း၊ အစုငွေများထုတ်ယူသွား၍ အစုများမစုတော့ခြင်းကြောင့် ဖျက်သိမ်းရခြင်းဖြစ်ပါတယ်။ အခြေခံသမဝါယမအသင်းများမှာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ဆောင်မှုများသည် သမဝါယမဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်မှုမရှိခြင်း၊ အသင်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား မျက်ကွယ်ပြု၍ အသင်းပိုင်ငွေများအား မမှန်မကန်နည်းဖြင့်သုံးစွဲခြင်း၊ အလွဲသုံးစားပြုခြင်း၊ အမှုဆောင်အချင်းချင်းညီညွတ်မှုမရှိခြင်း၊ အခြေခံအသင်းများအား အမှန်ငွေထုတ်ချေးခြင်းမရှိဘဲ ချေးငွေထုတ်ချေးလိုသော အသင်းသားများအပေါ် လိမ်လည်လှည့်ဖျားပြီး ချေးငွေများအား အလွဲသုံးစားပြုခြင်း၊ အသင်း၏ချေးငွေများကို ကိုယ်ကျိုးစီးပွားဆန်ဆန် လုပ်ဆောင်နေခြင်း၊ လူနည်းစုအတွက် အလွဲသုံးစားပြုခြင်းတို့ကြောင့် စစ်ဆေးအရေးယူပေးပါရန် အထက်အဆင့်ဆင့်သို့ တိုင်ကြားခြင်းများ လက်ရှိ ရှိနေသည်ကို သိရှိရပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် China EXIM Bank ကရရှိတဲ့ချေးငွေ သမဝါယမအသင်းပိုင်ငွေနှင့် အသင်းသားများ၏အစု စုဆောင်းငွေများဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးများရဲ့ မြို့နယ် ၃၀၇ မြို့နယ်၊ အသင်းပေါင်း ၃၀၅၇၆ သင်း၊ အသင်းသားပေါင်း ၃၃၀၁၄၅၀ အား ခြောက်လတစ်ကြိမ်ထုတ်ချေးပြန်ဆပ် ထုတ်ချေးငွေကျပ် ၆၁၇.၈၂၂ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါတယ်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ လျှင် ပထမတစ်လကို ၂ ကျပ်ခွဲနှုန်းကနေ ထုတ်ချေးပေးခဲ့ရာမှ တစ်ကျပ်ခွဲနှုန်းနှင့် လျှော့ပြီးထုတ်ချေးပေးပါတယ်။ တစ်နည်းအားဖြင့် သမဝါယမအသင်းအနေဖြင့် ချေးငွေလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်နေရသကဲ့သို့ ဖြစ်နေပါတယ်။ နံပါတ်(၂)ကတော့ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် သမဝါယမအသင်းများအနေနဲ့

လုပ်ငန်းလည်ပတ်နေပြီး အောင်မြင်မှုရရှိနေသောအသင်းကဘယ်လောက်ရှိတယ်။ အောင်မြင်မှုမရှိဘဲ ရပ်တန့်နေတဲ့အသင်းတွေဘယ်လောက်ရှိတယ်။ အသင်းသားများ၏စာရင်းဇယားများ တိကျမှန်ကန်မှု ရှိစေရန်လည်းကောင်း၊ နိုင်ငံသူနိုင်ငံသားများအား ပွင့်လင်းမြင်သာသိရှိစေရန် ဖော်ထုတ်ပေးရန် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၈ ခုနှစ်၊ အပိုဒ် ၃ ပုဒ်မ ၁၁ ပြည်ထောင်စုစာရင်းစစ်ချုပ်၏တာဝန် ပုဒ်မခွဲငယ်(င) ၁ မှာ နိုင်ငံပိုင်ပစ္စည်းများ၊ သမဝါယမပိုင်ပစ္စည်း များနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်း စောင့်ရှောက်မှုနှင့် ထိရောက်စွာအသုံးပြုမှုရှိ/မရှိစစ်ဆေးခြင်းတို့ ဖော်ပြပါရှိပါတယ်။ သို့ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ အထက်ဖော်ပြပါဥပဒေတွင်ပါရှိတဲ့အတိုင်း သမဝါယမပိုင်အသင်း ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ထိရောက်စွာအသုံးပြုမှုရှိ/မရှိကို သမဝါယမအသင်းအားလုံးအား စစ်ဆေးပြီးတော့ သီးသန့်အစီရင်ခံစာ ရေးသားပြုစုကာသက်ဆိုင်ရာအထက်အဆင့်ဆင့်သို့ တင်ပြပြီး နိုင်ငံသူနိုင်ငံသားများ သိသာအောင် ဆောင်ရွက်ပေးရန် အကြံပြုဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြရရင် သမဝါယမမှာ နိုင်ငံသူနိုင်ငံသားများအတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေပါတယ်။ ဒါကိုတိုင်းပြည်စီးပွားရေး တိုးတက်လာဖို့အတွက် တစ်ယူသန်စိတ်ဓာတ်တွေကိုဖြေလျှော့ပေးခြင်း၊ အမှန်ကိုအမှန်မြင်ရန်ကြိုးစား ခြင်း၊ လက်ရှိမြန်မာနိုင်ငံစီးပွားရေးအနေအထားနှင့် ကိုက်ညီမှုရှိ/မရှိကို စိစစ်ဆောင်ရွက်ပေးကြရန် အကြံပြုတင်ပြပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏ တင်ပြချက်အချက်များကို သက်ဆိုင်ရာသမဝါယမဦးစီးဌာနမှ ပြန်လည်စိစစ်သုံးသပ်ခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များအရ ဥပဒေညွှန်ကြားချက်များအတိုင်းစိစစ်ပြီး သီးသန့် အစီရင်ခံစာတင်ပြပေးမိကာ အမှန်ဆုံးဖြတ်ပေးရန်လိုအပ်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်သင့် ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်က စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ဒေါ်ဝင့်ဝါထွန်းတင်သွင်းထားတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒေါ်ဝင့်ဝါထွန်းတင်ပြခဲ့တဲ့ သမဝါယမဦးစီးဌာနရဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန်ဆိုပြီးတော့ တင်သွင်းထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် နှစ်ပိုင်းတွေ့ပါတယ်။ သမဝါယမဦးစီးဌာနနဲ့ သမဝါယမအသင်းတွေပါ။ ကျွန်တော်တို့ ၁၉၇၀ ခုနှစ် နောက်ပိုင်းမှာ စတင်ခဲ့တဲ့သမဝါယမအသင်းတွေဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ တစ်နည်းတစ်ဖုံ နှင့်ပုံစံပြောင်းလဲလာပါတယ်။ တစ်ချိန်တုန်းကတော့ ၁၉၇၀ ပြည့်နှစ်ကနေ ၁၉၈၈ ခုနှစ်အထိ

ကျွန်တော်တို့ စားသုံးကုန်တွေကို ပြည်သူတွေလက်ဝယ်ကို ဖြန့်ချိဖို့ဆိုပြီးတော့ ဒီစီမံကိန်းစီးပွားရေးစနစ်ရဲ့ အခက်အဖြာတစ်ခုအနေနဲ့ ပါဝင်ခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၈၈ ခုနှစ်ကျွန်တော်တို့ စနစ်တစ်ခုပြောင်းသွားတဲ့အချိန်မှာတော့ ဒီသမဝါယမအသင်းမြေနေရာတွေ Asset တွေပေါ့နော် အသင်းတွေဟာ ဘယ်လိုသမဝါယမဦးစီးဌာနနှင့် ချိတ်ဆက်ပြီးလုပ်နေတယ်ဆိုတာကို ကျွန်တော် လေ့လာခဲ့ပါတယ်။ ကျွန်တော့်မြို့နယ်မှာဆိုလို့ရှိရင် သမဝါယမအသင်း၊ အသင်းစု၊ အသင်းချုပ်ပေါင်း ၃၉ ခုရှိပါတယ်။ ၃၉ ခုမှာ အခြေအနေကောင်းတယ် အမြတ်ငွေရှိတယ်ဆိုပြီးတော့ ပြောတာက ၃၇ ခုရှိပါတယ်။ ၂ ခုကတော့ အရှုံးပေါ်နေတယ်ဆိုတာကို သိရှိရပါတယ်။ ဒီနေရာမှာ သမဝါယမဦးစီးဌာနဆိုတာ အခုအချိန်မှာတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ် အစိုးရသစ်တစ်ခုတက်လာတဲ့အချိန်မှာ ဒီစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ကို ရောက်ရှိသွားတယ်။ ဦးစီးဌာနတစ်ခုအဖြစ်နဲ့ တည်ရှိနေတယ်။ တည်ရှိနေတာက ဒီအသင်းတွေကိုသူဟာ ဘယ်လိုချိတ်ဆက်ပြီးတော့ လုပ်နေတယ်ဆိုတာကို လေ့လာကြည့်ပါတယ်။ ကိုယ်တိုင်ဆင်းပြီးလေ့လာကြည့်တဲ့အခါမှာ ကျွန်တော် တွေ့ရှိတာကတော့ ချေးငွေအဓိကကို ချေးငွေကို သူကထောက်ခံပေးတယ်။ အသင်းတွေကချေးငွေယူမယ်၊ အသင်းသားတွေကို ချေးငွေပေးမယ်။ အဲဒီချေးငွေကိုပြန်ဆပ်ဖို့အတွက်ကို သူတို့ဘယ်လိုဆောင်ရွက်ပေးမယ်။ ဒါကို ဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနကနေပြီးတော့ သမဝါယမဦးစီးဌာနကနေပြီးတော့ ထောက်ခံချက်ပေးတဲ့အဆင့်လောက်ပဲ ကျွန်တော်တွေ့ရပါတယ်။ ဒါကြောင့်ဒီနေရာမှာ သဲသဲကွဲကွဲဖြစ်ဖို့လိုတာက သမဝါယမဦးစီးဌာနဆိုတာ အမှန်တကယ်လိုအပ်သေးရဲ့လား။ သမဝါယမအသင်းတွေ၊ အသင်းစုတွေ၊ အသင်းချုပ်တွေဆိုတာက တကယ်တမ်းပြောမယ်ဆိုရင် ကျွန်တော်တို့ ဒီဘက်ခေတ်ဈေးကွက်စီးပွားရေးစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နေတဲ့ကာလမှာဆိုလို့ရှိရင် တချို့သမဝါယမအသင်းတွေဟာ ကုမ္ပဏီဥပဒေနှင့်အညီ ကုမ္ပဏီအဖြစ်ပြောင်းလဲပြီးတော့ ဖွဲ့စည်းပြီးတော့ လုပ်ဆောင်တာတွေကိုလည်း တွေ့ရှိရပါတယ်။ တချို့သမဝါယမအသင်းတွေဟာဆိုလို့ရှိရင် နဂိုမူလရည်မှန်းချက်ကိုပဲ အကောင်အထည်ဖော်မယ်ဆိုပြီး ဇွဲကောင်းကောင်းနှင့် စောင့်ဆိုင်းနေတာကိုလည်း တွေ့ရှိရပါတယ်။

မြေပြင်အခြေအနေမှာတော့ ငွေချေးတယ်ဆိုတဲ့ကဏ္ဍတစ်ခုပဲ တွေ့ရပါတယ်။ ဒီနေရာမှာ အဆိုရှင်တင်ပြသွားသလိုပဲ ရှေ့ကကိုယ်စားလှယ်တွေတင်ပြသွားသလိုပဲ China Exim Bank ကနေပြီးတော့ ချေးတယ်ဆိုတဲ့ချေးငွေဟာ ၂၀၁၄ ခုနှစ်မှာ သန်း ၁၀၀၊ ၂၀၁၅ ခုနှစ်မှာ သန်း ၃၀၀ ဒီသန်း ၃၀၀ ကိုချေးတဲ့အတိုးငွေဟာ ၄.၅ ရာခိုင်နှုန်းနှင့်ချေးထားတာကိုလည်း တွေ့ရပါတယ်။ ၄.၅ ရာခိုင်နှုန်းနှင့်ချေးထားတဲ့ဥစ္စာကို Agent Bank ကနေပြီးတော့ ပြန်ပြီးအသင်းစုတွေကို ချပေးတဲ့အချိန်မှာ ၁၃ ရာခိုင်နှုန်းကနေပြီးတော့ ၁၈ ရာခိုင်နှုန်းအထိ အတိုးနှုန်းကိုတွေ့ရပါတယ်။ ဒါဟာလည်း သက်သာတဲ့အတိုးနှုန်းတစ်ခု မဟုတ်ဘူးဆိုတာကို ထင်ထင်ရှားရှားကျွန်တော်ပြောချင်တာပါ။ ဒါကြောင့် ဒီနေရာမှာ ဒီသမဝါယမအသင်းတွေဟာ သူတို့ခြေထောက်ပေါ်သူတို့ရပ်တည်ဖို့အတွက်ကို သူတို့ကြိုးစားသင့်နေပါပြီ။ တတ်နိုင်သရွေ့နိုင်ငံတော်ကနေပြီးတော့ ဘာမှမပံ့ပိုးစေချင်တော့ပါဘူး။ တစ်ဖက်ကနေပြီးတော့ အလဟဿဖြစ်စေမယ့် ဒီငွေချေးတဲ့စနစ်ကိုလည်း ကျွန်တော်တို့ မရှိစေချင်တော့ပါဘူး။ အမှန်သူတို့ဟာ လက်ရှိဥပဒေနှင့်အညီ၊ ဒီကုမ္ပဏီဥပဒေနှင့်အညီ၊ အသင်းအဖွဲ့ဥပဒေနှင့်

အညီ သူတို့ဟာ လွတ်လွတ်လပ်လပ်လုပ်သင့်နေပါပြီ။ ဦးစီးဌာနဟာလည်း ဦးစီးဌာနထဲမှာရှိတဲ့ ဝန်ထမ်းတွေကို ကျန်တဲ့ဦးစီးဌာနတွေကို ပြောင်းပေးသင့်ပါပြီ။ သင့်လျော်မယ့်ဦးစီးဌာနတွေကို ပြောင်းပေးလိုက်ပါ။ ဒီသမဝါယမဦးစီးဌာနကြီးဟာ ခေတ်နှင့်စနစ်နဲ့လုံးဝမလျော်ညီစွာနှင့်ပဲ ရှိနေတာပါ။ သမဝါယမအသင်းတွေဟာလည်း သူတို့ရဲ့အသင်းပိုင် Asset တွေပေါ်မှာ ရှေ့ကကိုယ်စားလှယ်ကြီးတွေတင်ပြသွားသလိုပဲ တိုက်တွေဆောက်တယ်၊ ပြီးရင်အခန်းတွေကိုကန်ထရိုက်နဲ့ခွဲယူထားတယ်။ ခွဲယူထားပြီးတော့ အခန်းတွေကို အခု ခေတ်မီးငှားထားတယ်။ အဲဒီကနေရတဲ့ အကျိုးအမြတ်လောက်ပဲ ရှိပါတော့တယ်။ တကယ့်ကို ကုန်ထုတ်လုပ်ငန်းတစ်ခုအနေနဲ့ ကြီးကြီးမားမားလုပ်ဆောင်နိုင်တဲ့ဟာမျိုးကို ကျွန်တော်တို့မတွေ့ရပါဘူး။ ရောင်းဝယ်ရေးသမဝါယမတစ်ခုအနေနဲ့လည်း ရောင်းဝယ်ရေးပိုင်းမှာ ဖြစ်ဖြစ်မြောက်မြောက်အနေနဲ့ မတွေ့ရပါဘူး။ ဒါကြောင့် နဂိုရှိတဲ့ အဖေ၊ အမေသေလို့အမွေရခဲ့တဲ့ ဒီမြေနေရာလေးပုံစံမျိုးနဲ့ပဲ ဒီမြေနေရာလေးကိုအခြေခံပြီး Asset ကိုအခြေခံပြီးတော့ပဲ သူတို့ဟာ ဆောက်ထားတဲ့တိုက်ပေါ်မှ သူတို့ ဈေးနှုန်းချိုသာစွာနှင့် ပြန်ပြီးငှားထားတယ်။ ယခင်တုန်းက ကျွန်တော်တို့ ရောင်းသူဝယ်သူအတူတူဆိုတဲ့ သမဝါယမဆောင်ပုဒ် အခုချိန်မှာတော့ ငှားသူကော ပိုင်သူကော အတူတူဖြစ်နေပါတယ်။ နီးစပ်ရာကိုပဲငှားတယ်။ ဈေးသက်သာတာနဲ့ငှားတယ်။ လက်ရှိပေါက်ဈေးထက် အများကြီးနှိမ့်ပြီးငှားထားကြတယ်။ ဆိုတဲ့အခါကျတော့ အသင်းသူအသင်းသားတွေအတွက်လည်း အများကြီးနစ်နာပါတယ်။ ဒါကြောင့် ကျွန်တော်အကြံပြုချင်တာကတော့ သမဝါယမဆိုတာဟာ တကယ်တော့ သဘာဝသမိုင်းပြတိုက်ထဲကိုရောက်သင့်နေပြီ။ ရောက်သင့်နေတဲ့အတွက် သမဝါယမဦးစီးဌာနကို ဖျက်သင့်တဲ့အထိကို ကျွန်တော်တို့ဟာ မြန်မာဗျူဟာမြောက်ချပြီးတော့ ဆွေးနွေးရမှာဖြစ်ပါတယ်။ ဒီကိစ္စကို သေချာလေးလေးနက်နက် စဉ်းစားရမှာဖြစ်ပါတယ်။ သမဝါယမအသင်းတွေဟာ လွတ်လွတ်လပ်လပ် သူတို့ခြေထောက်ပေါ်သူတို့ ရပ်တည်နိုင်ပါစေ။ အောင်မြင်ပါစေလို့ဆုတောင်းရင်းနဲ့ ဒေါ်ဝင့်ဝါထွန်းရဲ့အဆိုကို ကျွန်တော် မထောက်ခံဘဲနဲ့ ဆွေးနွေးလိုက်ရပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၏အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အဆိုကို သုံးပိုင်းခွဲပြီး တင်ပြသွားတာတွေ့ရပါတယ်။ ပထမပိုင်းမှာ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တို့ဖြစ်ပါတယ်။ မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းစဉ်တို့ဟာ အင်မတန်ကောင်းပါတယ်။ သို့သော်လည်း အမှန်တကယ် မြေပြင်ပေါ်မှာ အကောင်အထည်ဖော်နိုင်သလား၊ ပကတိမြေပြင်မှာအသုံးဝင်သလား၊ အောင်မြင်သလားဆိုတာကိုတော့ ပြန်လည်ဆန်းစစ်ဖို့လိုပါတယ်။ မျှော်မှန်းချက်ရေးဆွဲထားတာကို ကြည့်မယ်ဆိုရင် အားလုံးပါဝင်ပြီး နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော

လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်း၊ စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ဟု ရေးဆွဲထားတာကို တွေ့ရပါတယ်။ သို့သော်လည်း အမှန်တကယ် မြေပြင်မှာ ဒါတွေဟာ အောင်မြင်မှုရှိပါသလားလို့ မေးခွန်းထုတ်စရာတွေဖြစ်နေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမနှင့် သမဝါယမစနစ်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ(၆)ရပ်ကို ကြည့်မယ်ဆိုရင်လည်း မူဝါဒနံပါတ်(၁)က ထိုက်သင့်အားလျော်စွာ အကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။ ဒီနေရာမှာ အသေးစားချေးငွေနဲ့ သမဝါယမလုပ်ငန်းများကို ဖွံ့ဖြိုးအောင်ဆောင်ရွက်တဲ့နေရာမှာ အောင်မြင်မှုရှိပါသလား၊ အမှန်တကယ်မအောင်မြင်နေတာကို တွေ့ရပါတယ်။ လယ်ယာသုံးစက်ကိရိယာများ၊ အရစ်ကျငွေချေစနစ်(Hire Purchase System)ဖြင့် ရောင်းချပေးခြင်းလုပ်ငန်းသာ အတော်အသင့်အောင်မြင်နေတာကို တွေ့ရပါတယ်။ ကျန်တဲ့မူဝါဒ(၅)အရဆိုလို့ရှိရင် အားနည်းပြီး အကောင်အထည်ဖော်မှုစွမ်းအင်နိမ့်ကျနေတာတွေ တွေ့ရပါတယ်။ ဥပမာ-မူဝါဒ(၂)မှာ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ ထိန်းကျောင်းတည့်မတ်ခြင်းနှင့် သမဝါယမပညာပေးလုပ်ငန်းများကို ဆောင်ရွက်မယ်လို့ပါရှိပါတယ်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ အခန်း(၂) အပိုဒ်(က)မှာ အသင်းကို မိမိဆန္ဒအလျောက်ပါဝင်လိုသူများဖြင့် ဖွဲ့စည်းရန်လို့လည်း ပါရှိပါတယ်။ ဒါဆိုရင် မူဝါဒဟာ အသင်း၏ဥပဒေအတိုင်း မဆောင်ရွက်တာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုရင် မိမိဆန္ဒနှင့်အညီ ဝင်ချင်ပါသော်လည်း ဝင်ခွင့်မရတဲ့သူတွေလည်း ရှိပါတယ်။ နီးစပ်ရာဆွေမျိုးအပေါင်းအပါတွေကို လက်သင့်ရာ စားတော်ခေါ်ပြီး ဖွဲ့သွားတာတွေလည်း တွေ့ရပါတယ်။ ထိန်းကျောင်းတည့်မတ်မှုတွေ အားနည်းနေတာတွေလည်း တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့ဒုတိယပိုင်း အကောင်အထည်ဖော်မှုကို ထပ်မံဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းရည်ရွယ်ချက်မှာပါတဲ့အတိုင်း အတိုးနှုန်းသက်သာပြီး ပြည်သူများအတွက် လတ်တလောသက်သာချောင်ချိမှုရရှိရေးသာမက နောင် လေး၊ ငါးနှစ်အတွင်းမှာ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာရပ်တည်နိုင်အောင် မျှော်မှန်းထားတာကို တွေ့ရပါတယ်။ အဆိုရှင်ပြောသလို တကယ်အောင်မြင်မှုရှိပါသလား ဆန်းစစ်ရမယ့်အချိန်ရောက်နေပါပြီ။ တရုတ်နိုင်ငံ Exim Bank က အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို အတိုးနှုန်းက တစ်နှစ်ကို ၄.၅ ရာခိုင်နှုန်းနှင့် သက်တမ်း ၁၀ နှစ်ချေးငှားထားတာ တွေ့ရပါတယ်။ နိုင်ငံတကာချေးငွေများကို လေ့လာကြည့်မယ်ဆိုရင် ဒီအတိုးနှုန်းထက်များတဲ့ချေးငွေမျိုး တစ်ခုမှမရှိပါဘူး။ ဒီလိုများတဲ့အတိုးနှုန်းနဲ့ချေးတဲ့ငွေကို လယ်သမားတွေ၊ အဖွဲ့ဝင်တွေကို တစ်ဆင့်ပြန်ချေးပြီး သက်သက်သာသာနဲ့ ဘယ်လိုမှပြန်မချေးနိုင်ပါဘူး။ အဖွဲ့ဝင်တွေ၊ လယ်သမားတွေဘဝက အတိုးပေါ်အတိုးထပ် ဆက်နေရသူဖြစ်နေပါတယ်။ စုဆောင်းငွေလည်းထည့်ရ၊ အတိုးနှုန်းကလည်းများတော့ အသင်းသားတွေဘဝက မျှော်မှန်းသလိုဖြစ်မလာတာတွေ့ရပါတယ်။ ပိုဆိုးတာက ချေးငွေကို အကျိုးရှိရှိအသုံးမချနိုင်တာပဲ ဖြစ်ပါတယ်။ ချေးငွေတွေကလည်း စုံနေတာပါပဲ။ သမဝါယမချေးငွေ၊ မြစိမ်းရောင်ချေးငွေ၊ ပဲချေးငွေ။ ဒီကရတာဟိုကဆပ်၊ ဟိုကရတာဒီဆပ် ချာလည်ပတ်လည်ဖြစ်နေပြီး

အကြွေးပုခုံးပြောင်းနေကြပါတယ်။ ဒီချေးငွေတွေဟာ အမှန်တကယ်အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာ ပြန်လည်ဆန်းစစ်ဖို့လိုနေပါပြီ။ တစ်ဦးချင်းတစ်ယောက်ချင်း ချေးငှားတာထက် အစုအဖွဲ့ထူထောင်ပြီး စုပေါင်းလယ်ယာ သို့မဟုတ် စုပေါင်းမွေးမြူရေးလုပ်တာက ပိုမိုအောင်မြင်နိုင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့တတိယပိုင်းမှာပါတဲ့အတိုင်း သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်သလား၊ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေပုဒ်မခွဲ(ဆ)မှာ အသင်း၏စာရင်းများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် စာရင်းကျွမ်းကျင်သူဖြင့် စစ်ဆေးရန်ဟု ပါရှိပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၇) ပုဒ်မ ၁ ပုဒ်မခွဲငယ်(ဇ)(၁)မှာ သမဝါယမပိုင်ပစ္စည်းများနှင့် အများပိုင်ပစ္စည်းတို့ကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာအသုံးပြုမှုရှိ/မရှိ စစ်ဆေးရန်လို့လည်း ပါရှိပါတယ်။ သို့သော်လည်း မြေပြင်မှာ အမှန်တကယ်ဆောင်ရွက်စစ်ဆေးမှုတွေမရှိတဲ့အတွက် အသင်းရဲ့ငွေရေးကြေးရေးပြဿနာ၊ အသင်းပိုင်ပစ္စည်းပြဿနာ၊ မြေပြဿနာတွေ မကြာခဏဖြစ်ပေါ်နေပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင် သမဝါယမအသင်းစနစ်ဟာ ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်ခေတ်ကနေပြီးတော့ သန္ဓေတည်ခဲ့တာပါ။ လက်ရှိဒီမိုကရေစီခေတ်နဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေမှုရှိ/မရှိ၊ ကိုက်ညီမှုရှိ/မရှိကို ပြန်လည်ဆန်းစစ်သုံးသပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်မကတော့ ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းရဲ့အဆိုကို အကြံပြုထောက်ပြဆွေးနွေးသွားမယ့် ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင်။ သမဝါယမဦးစီးဌာနရဲ့ ရည်မှန်းချက်လုပ်ငန်းစဉ်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ပြည်သူများအားကိုးယုံကြည်မှုရှိသော ဌာနတစ်ခုဖြစ်လာမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ သို့သော်လည်း သမဝါယမဝန်ကြီးဌာနရဲ့ ရည်မှန်းချက်လုပ်ငန်းများ၊ သမဝါယမစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသောမူဝါဒများ၊ သမဝါယမစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ယခုလက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Action Plan များသည် အမှန်တကယ်ပဲ မြေပြင်အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုရှိ/မရှိနှင့် လုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်ညီ/မညီဆိုတာကိုလည်း၊ အားနည်းချက်၊ အားသာချက်များကိုလည်း ဝန်ကြီးဌာနအနေနဲ့ သေချာစိစစ်ကွင်းဆင်းစစ်ဆေးပြီး အမြန်ဆုံးပြုလုပ်သင့်ပါတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ China Exim Bank ချေးငွေအမေရိကန်ဒေါ်လာသန်း ၄၀၀ မှ ပံ့ပိုးချေးငွေအဖြစ် တိုင်းဒေသကြီး/ပြည်နယ်များရှိ သမဝါယမအသင်းသားများအား ကိုးကြိမ်မြောက်အသေးစား

အရင်းအနှီးချေးငွေထုတ်ချေးရာတွင် ကျွန်မတို့ ကယားပြည်နယ် ခြောက်မြို့နယ်အတွက် အသင်းအရေအတွက် ၁၈၆ သင်း၊ အသင်းဦးရေ ၁၁၈၉၆ ဦး၊ အစုငွေ ၆၀.၃၈၃ သန်း၊ စုဆောင်းငွေ ၁၀၉၄.၀၉၁ သန်း၊ ထုတ်ချေးငွေပေါင်း ၂၇၉၈.၃၉၉ သန်းရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ၎င်းငွေစုငွေချေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဝန်ထမ်းများနှင့် အမှုဆောင်များ လိုက်နာရမည့်သံမဏိစည်းကမ်းနှစ်ရပ်ဆိုပြီး ထုတ်ပြန်ထားတာကိုလည်း တွေ့ရပါတယ်။ သို့သော် အောက်ခြေတာဝန်ရှိ ဝန်ထမ်းများနှင့် အသင်းအဖွဲ့များအနေနဲ့ စည်းကမ်းချက်များကို တိတိကျကျလိုက်နာမှုမရှိတာကိုလည်း တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သမဝါယမအသင်းမှချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်ကြီးများထဲမှ ကျွန်မမဲဆန္ဒနယ် ကျေးလက်နေပြည်သူများရဲ့ သမဝါယမအသင်းက ချေးငွေတွေချေးယူခြင်းကိစ္စကို အနည်းငယ်ဆွေးနွေးချင်ပါတယ်။ သမဝါယမငွေချေးခြင်းလုပ်ငန်းရဲ့အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သမဝါယမအသင်းမှ အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးချေးငွေများ ရည်ရွယ်ချက်ကောင်းဖြင့် ထုတ်ချေးနေပေမဲ့ အောက်ခြေတကယ်မြေပြင်တွင် ရည်ရွယ်ချက်များနှင့်လွဲ၍ စေတနာ၊ ဝေဒနာအဖြစ်မျိုး ကြုံတွေ့နေကြရပါတယ်။ သမဝါယမစနစ်ဆိုတာ လူထုကိုဗဟိုပြုတဲ့စနစ်ဆိုပြီး အဆိုရှင်က ထောက်ပြဆွေးနွေးထားပေမဲ့ ကျွန်မမဲဆန္ဒနယ် သမဝါယမချေးငွေလုပ်ငန်းများ လုပ်ဆောင်နေသော သမဝါယမအသင်းကို ဦးဆောင်သူများ၏ လုပ်ဆောင်ချက်များသည် ပွင့်လင်းမြင်သာမှုမရှိဘဲ တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ဖက်ကောင်းပုံစံနဲ့လုပ်ဆောင်နေကြသလို ဒေသခံပြည်သူများဆီမှ ဝေဖန်သံများကိုလည်း ကြားနေမြင်နေရပါတယ်။ အဖွဲ့များဖွဲ့စည်းရာတွင်လည်း မိမိတို့လူများအချင်းချင်း စုစည်းပြီး အသင်းခေါင်းစဉ်အမျိုးမျိုးဖြင့် ချေးငွေများကိုလည်း ၎င်းအဖွဲ့ကပဲ လက်ဝါးကြီးအုပ်၍ သမဝါယမချေးငွေများကိုယူ၍ အပြင်မှာ တစ်ဆင့်ခံအတိုးချပေးခြင်းများပြုလုပ်၍ တကယ်စိုက်ပျိုးရေးလုပ်ကိုင်နေသူတွေနဲ့ အမှန်တကယ်ဆင်းရဲသားပြည်သူများရဲ့လက်ထဲကို ချေးယူနိုင်ခြင်းမရှိတာကို တွေ့နေရပါတယ်။ ပါဝင်ပတ်သက်သောပုဂ္ဂိုလ်များသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများထား၍ ခွဲခြားဆက်ဆံချေးယူနေကြသည်ကိုလည်း စိတ်ပျက်စွာတွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သမဝါယမဝန်ကြီးဌာနရဲ့ သမဝါယမအသင်းသားများရရှိနိုင်မည့်အကျိုးကျေးဇူးဆိုပြီး အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးချေးငွေရရှိခြင်း၊ မိမိပိုင်စုဆောင်းငွေများ တဖြည်းဖြည်းများပြားလာခြင်း၊ နောင်မိမိလုပ်ငန်းအတွက် ပြန်လည်ထုတ်ယူခွင့်ရှိခြင်း၊ မိမိကိုယ်ပိုင် စုဆောင်းငွေအပေါ် အတိုးရခြင်းဆိုပြီး ဖော်ပြထားသော်လည်း သမဝါယမအသင်းက ချေးငွေများထုတ်ချေးရာတွင် ဥပမာ - တစ်သိန်းချေးပါက အသင်းဝင်တစ်ဦးသည် အသင်းစုငွေ တစ်သောင်း အတိုးပါတစ်ခါတည်းထည့်၍ ထုတ်ချေးသည်ဟုလည်း သိခဲ့ရပါတယ်။ အသင်းသားများမှာ ငွေထုတ်ချေးရာတွင်လည်း အသင်းဝင်ငွေစုစာအုပ်များဖြင့် စနစ်တကျလုပ်ဆောင်ပေးထားခြင်းလည်း မရှိပါ။ အသင်းသားများသည် အသိပညာဗဟုသုတနည်းပါးတဲ့တောင်သူများဖြစ်ကြတဲ့အတွက် မိမိတို့ချေးငွေအပေါ်မှာ ချေးယူရတဲ့ငွေအတွက် အတိုးပေးပြီး ဘာမှမသိရတဲ့အတွက် သမဝါယမချေးငွေအပေါ်မှာ အယုံအကြည်မဲ့ပြီး စိတ်ပျက်လာကြပါတယ်။ စိတ်ပျက်ပြီး သမဝါယမအသင်းမှချေးငွေများမချေးတော့ဘဲ နုတ်ထွက်ရာ

တွင်လည်း မိမိကိုယ်ပိုင်စုဆောင်းငွေအပေါ် အတိုးများကိုလည်း တစ်ကျပ်မှပြန်လည်ထုတ်ပေးခြင်းမရှိသည်ကိုလည်း သိရှိခဲ့ရပါတယ်။ အသင်းဝင်များသည် အသင်းဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် နုတ်ထွက်ချင်သူမှ ကိုယ်စားနှစ်ယောက်ရှာပေးရမယ်လို့လည်း ကြားသိရပါတယ်။ ယခုအခါ ကျွန်မမဲဆန္ဒနယ်မှ သမဝါယမချေးငွေများကို ယခု ကျွန်မတင်ပြသလို ပွင့်လင်းမြင်သာမှုမရှိ၊ စုဆောင်းငွေအတိုးမရရှိတဲ့အပေါ် ဝန်ကြီးဌာန၏ချမှတ်ထားတဲ့မူဝါဒလုပ်ငန်းစဉ်များသည် စနစ်တကျအကောင်အထည်ဖော်မှု အားနည်းတဲ့အတွက်ကြောင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတဲ့အချိန်မှာ အစိုးရနှင့် ပြည်သူယုံကြည်မှုများ လျော့နည်းစေခြင်းသည် ဝန်ကြီးဌာန၏အောက်ခြေမြေပြင်တွင် စနစ်တကျကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းချက်ကြောင့်ဖြစ်တယ်လို့ ကျွန်မအနေနဲ့ သုံးသပ်လိုပါတယ်။

နိဂုံးချုပ်အနေဖြင့် သမဝါယမအသင်းပိုင်လုပ်ငန်းများ၊ ချေးငွေအတိုးများ၊ အသင်း၏ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိနေပြီး အသင်း၏ရည်ရွယ်ချက်ဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူမပြုဘဲ အသင်းကိုဦးဆောင်သူများအတွက်သာ ဂွင်တစ်ခုလိုဖြစ်နေပြီး အစိုးရလည်း အကြွေးတင်၊ ပြည်သူလည်းအကျိုးမရှိတာဖြစ်တဲ့အတွက် ပြန်လည်ဆန်းစစ်သုံးသပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့်ပြည့်စုံကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ဖြစ်ပြီး ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သမဝါယမစနစ်ပေါ်ထွန်းလာတာဟာ နှစ်ပေါင်း ၁၁၀ လောက်ရှိပါပြီ။ ဒီကာလတွေအတောအတွင်းမှာ နှစ်ပေါင်း ၆၀ လောက်ရောက်တဲ့အခါ ဒီ သမဝါယမအသင်းအနေနဲ့ သမဝါယမဆိုင်တွေ၊ သမဝါယမလူကြီးတွေဟာ နာမည်ဆိုးနဲ့ ကျော်ကြားလာခဲ့ရပါတယ်။ ဘာကြောင့် ဒီလိုဖြစ်တာလဲဆိုတော့ ပြန်လည်ဆန်းစစ်ကြည့်လို့ရှိရင်တော့ သမဝါယမစနစ်ကို တကယ်ယုံကြည်မှုမရှိဘဲနဲ့ ဒီခေတ်ကာလက ပေါ်လာတဲ့ Policy အရ လူအများစုက လုပ်ဆောင်ခဲ့ရတဲ့အတွက်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်တယ်လို့ သုံးသပ်လို့ရရှိပါတယ်။ ဒါကြောင့် သမဝါယမရဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်ဖို့ရန် တစ်နည်းအားဖြင့်ဆိုလို့ရှိရင် နှစ်ပေါင်းများစွာ နာမည်ဆိုးနဲ့ အရိပ်ဆိုးထိုးခဲ့တဲ့ သမဝါယမလုပ်ငန်းစဉ်တွေ ပြန်လည်ပြီးတော့အကောင်အထည်ဖော်ဖို့ရန်ဆိုလို့ရှိရင် ယုံကြည်ချက်နဲ့လုပ်တဲ့လူတွေပေါ်လာဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒီလိုယုံကြည်ချက်နဲ့လုပ်တဲ့လူတွေပေါ်လာဖို့ဟာလည်း နှစ်ပေါင်းများစွာ ဖြတ်သန်းပြီးတော့မှ ပေါ်လာနိုင်မှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမစနစ်ကို ပံ့ပိုးပေးဖို့ကတော့ မသင့်တော်ဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်ရရှိပါတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်ကနေပြီးတော့ သမဝါယမကောလိပ်ကျောင်းဖွင့်ပြီးတော့ ပံ့ပိုးကူညီပေးနေတယ်။ နောက်ပြီးတော့ နိုင်ငံတော်က ဌာနဆိုင်ရာတွေမှာ ဝန်ထမ်းမလုံလောက်တဲ့ကြားထဲကနေ သမဝါယမဌာနမှာ ဝန်ထမ်းတွေခန့်ပေးနေပါတယ်။ နောက်ပြီးတော့ကျတော့ ယခင့် ယခင်က ပြည်သူအများစုအားလုံးနဲ့ဆိုင်တဲ့ သမဝါယမအသင်းဆိုင်တွေ၊ ဒီသမဝါယမအသင်းတွေကို လွှဲပြောင်းပေးခဲ့ရပါတယ်။ နောက် ဘဏ္ဍာငွေကြေးတွေလည်း လွှဲပြောင်းပေးခဲ့ရပါတယ်။ ထပ်ပြီးတော့ ပံ့ပိုးပေးဖို့ကိုတော့ လုံးဝမသင့်တော့ဘူးလို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြုပြင်ပြောင်းလဲဖို့အတွက်ကတော့ သမဝါယမအသင်းဆိုင်တွေဟာ အသင်းဆိုင်ငှားခြင်း၊ ချေးငွေလုပ်ခြင်းအပြင် တကယ်မလုပ်တဲ့ဆိုင်တွေကို စီမံချက်ချစိစစ်ပြီးတော့ တကယ်ပဲစွမ်းဆောင်ရည်မရှိတဲ့အသင်းတွေကို ဖျက်သိမ်းသွားဖို့ လိုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီလိုစိစစ်မှသာ တကယ်လုပ်တဲ့အသင်းတွေဟာ ပေါ်ထွန်းလာမှာဖြစ်ပါမယ်။ အောင်မြင်လာမှာလည်းဖြစ်ပါတယ်ခင်ဗျား။ အခုဖော်ပြတဲ့အသင်းတွေကတော့ မလည်ပတ်တော့ဘူး။ မူလအလုပ်တွေ မလုပ်ဆောင်တော့တဲ့အသင်းတွေဖြစ်ပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နောက်ဆုံးသုံးသပ်ချင်တာကတော့ နိုင်ငံတော်ရဲ့လိုအပ်နေတဲ့ လူသားအရင်းအမြစ်သယံဇာတဖြစ်တဲ့ဝန်ထမ်းတွေ မဆုံးရှုံးမလေလွင့်ရအောင် နောက်တစ်ခါ ပစ္စည်းဥစ္စာအရင်းအမြစ်တွေ မပျက်စီးမဆုံးရှုံးရအောင် ဘဏ္ဍာငွေလည်ပတ်နိုင်အောင် အမြန်ဆုံးပြုပြင်ပြောင်းလဲဖို့ ဆွေးနွေးလိုပါတယ်ခင်ဗျား။ ဒီဟာတွေကတော့ ကျွန်တော်တို့ မုံရွာမြို့နယ်မှာရှိတဲ့ သမအသင်းဆိုင်တွေဖြစ်ပါတယ်။ ဒီသမအသင်းဆိုင်တွေဟာ အခုအချိန်မှာဆိုလို့ရှိရင် သမလုပ်ငန်းလုပ်ဆောင်ခြင်းမရှိတော့ပါဘူး။ အိမ်ခန်းငှားထားတာတွေရှိပါတယ်။ နောက်ထပ်တစ်ခါ ပိတ်ထားတာတွေ၊ ပျက်စီးနေတာတွေပဲဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ လူထုတွေ့ဆုံပွဲလုပ်တိုင်းမှာလည်း ပြည်သူလူထုက သမဆိုင်နှင့်ပတ်သက်တဲ့ နစ်နာမှုတွေ၊ လိုချင်မှုတွေ ဒီသမမြေတွေနဲ့ပတ်သက်တာပဲ ကျွန်တော်တို့ကို တင်ပြဆွေးနွေးကြပါတယ်။ ဒါတွေဟာ မုံရွာမြို့နယ်မှာရှိတဲ့ ပိတ်ထားတဲ့သမဆိုင်တွေဖြစ်ပါတယ်။ ပြည်သူအတွက် ဘာမှအကျိုးမပြုတော့ဘူး။ ရပ်ကွက်နေပြည်သူတွေအတွက်လည်းပဲ ဘာမှလုပ်ဆောင်မပေးတော့ပါဘူး ဖြစ်နေပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ဆိုလိုရှိရင်တော့ ဒေါ်ဝင့်ဝါထွန်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ အကြံပြုထောက်ခံဆွေးနွေးလိုတာကတော့ သမအသင်းဆိုင်တွေ ပြည်သူတွေ တကယ်အသုံးပြုလာအောင် ပြည်သူအတွက် တကယ်အကျိုးရှိလာအောင် ဖော်ဆောင်ပေးပါလို့ ပြောကြားရင်းနဲ့ပဲ ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ သမဝါယမစနစ်သည် ၁၉၀၅ ခုနှစ်ကနေစပြီးတော့ ကျွန်မတို့ မြန်မာနိုင်ငံကို စတင်ရောက်ရှိလာခဲ့တာ ယခုဆိုရင် နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံ သမဝါယမလှုပ်ရှားမှုဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလတွေထဲမှာ ဆိုရှယ်လစ်စနစ်ခေတ်ကိုတော့ ကျွန်မတို့ ကမီခဲ့ပါသေးတယ်။ ထိုခေတ်အခါက တံခါးပိတ်စီးပွားရေးစနစ်ဖြစ်တဲ့အတွက်ကြောင့် အခြေခံ လူတန်းစားတွေအတွက် ဈေးနှုန်းချိုသာစွာနဲ့ ကုန်ပစ္စည်းများကို ဝယ်လို့ရတာရယ်၊ ချေးငွေတွေရတဲ့ အတွက် ဒါကို အားထားနေရခြင်းဖြစ်ပါတယ်။ ယခုခေတ်ဈေးကွက်စီးပွားရေးစနစ်ကို ရောက်လာတဲ့ အချိန်မှာတော့ ကမ္ဘာ့နိုင်ငံများနဲ့ ရင်ပေါင်တန်းကာ ကုန်သွယ်ရောင်းဝယ်လို့ရတဲ့ ခေတ်အခါမှာတော့ သမဝါယမစနစ်သည်လည်း အသုံးမဝင်တော့ဘူးထင်ပါတယ်။ အသင်းဝင်များအတွက် ငွေစုလက်ခံ ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေအတွက် ချေးငွေတွေကိုထုတ်ပေးရန်သာ အားထား နေရတာဖြစ်ပါတယ်။ ဒီလို ငွေထုတ်ချေးပေးရာမှာလည်း အောက်ခြေမှာတော့ မှန်ကန်စွာဆောင်ရွက် ရန်လိုအပ်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာတော့ သမဝါယမအသင်းများရဲ့ အသင်းသားတွေအပေါ် ချေးငွေအတိုးနှုန်းမမှန်ကန်ခြင်း၊ အဆမတန်အတိုးနှုန်းတွေယူခြင်း၊ အတိုးနှုန်း ၁.၅ ရာခိုင်နှုန်းအစား ၂.၅ ရာခိုင်နှုန်းကောက်ခံတဲ့အတွက် မကျေနပ်ချက်တွေနဲ့ တိုင်တန်းမှုတွေ လည်းကြုံတွေ့ခဲ့ရပါတယ်။ တကယ်တော့ သမဝါယမအတွက် ချေးငွေဆိုတာ နိုင်ငံတော်က နိုင်ငံတကာဆီကနေ အတိုးနှုန်းများနဲ့ ချေးငွေယူပြီးတော့ ပြန်လည်ချေးငွေထုတ်ပေးခဲ့ရတာဖြစ်ပါတယ်။ ပြည်သူများအတွက် အဆင်ပြေ ချောမွေ့စေတဲ့ရည်ရွယ်ချက်နဲ့ တစ်ဆင့်ခံချေးငွေချပေးခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် အောက်ခြေ အသင်းသားအချို့ရဲ့ မသမာမှုများကြောင့် အသင်းရဲ့ရည်ရွယ်ချက်နှင့် လွဲမှားနေတာကိုလည်း တွေ့ရပါ တယ်။

ဥက္ကဋ္ဌကြီးရှင်။ သမဝါယမအသင်း၏ အများဆုံးပြဿနာကတော့ အသင်းဝင်ရုံး ဖွင့်လှစ်ထားတဲ့ မြေအဆောက်အဦအရှုပ်အရှင်းကိစ္စပဲဖြစ်ပါတယ်။ သမဝါယမအသင်းတွေဖွင့်လှစ်ထားတဲ့မြေများဟာ အစိုးရမြေတွေ၊ ပြည်သူပိုင်အသိမ်းခံထားရတဲ့ပုဂ္ဂလိကပိုင်မြေတွေနဲ့ အသင်းအတွက်ကို ခွင့်ပြုချက် ပေးခဲ့ပါတယ်။ သမဝါယမစနစ်တွေမှေးမှိန်သွားပြီးတဲ့နောက်မှာတော့ တစ်ဆင့်ခံငှားရမ်းခြင်း၊ ရောင်းချ ခြင်းကြောင့် ယခင်မူလပိုင်ရှင်များနှင့် အမှုရင်ဆိုင်နေရတာတွေ၊ မူလဌာနဆိုင်ရာတွေက ပြန်လည် တောင်းခံတဲ့အတွက် လက်ရှိနေထိုင်သူများနှင့် အမှုရင်ဆိုင်နေရတာလည်း ကြုံတွေ့နေရပါတယ်။ နှစ်ပေါင်း ၁၀၀ ကျော်တိုင်ရှိနေပြီးတဲ့ သမဝါယမစနစ်သည် ယခု ဒီမိုကရေစီစနစ် ပွင့်လင်းမြင်သာတဲ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေချိန်မှာ ကိုက်ညီမှုမရှိဘူးလို့ သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခင်ခေတ်အဆက်ဆက်က အစိုးရရဲ့ သမဝါယမအသင်းများအပေါ် ဝင်ရောက်စွက်ဖက်ပါဝင်ပတ်သက်မှု အသင်းဝင်အဆင့်ဆင့်၏ ကိုယ်ကျိုးအတွက် အသုံးချမှုများ ကြောင့် အမှားများနှင့်ကြုံတွေ့နေရပါတယ်။ သမဝါယမစနစ်ကို ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ ပြည်သူများမကြားချင်လောက်တဲ့အထိ လွန်စွာမုန်းတီးခဲ့ကြပါတယ်။ ဒါကြောင့် ယနေ့ မြန်မာပြည်သူ တို့ရဲ့ လိုအပ်ချက်နဲ့လည်းဆီလျော်တဲ့ သမဝါယမလုပ်ငန်းများ ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ခေတ်ပြန်လည်ဆန်းသစ်ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ရန်လည်းလိုအပ်ပါတယ်။ ထို့အပြင် ပွင့်လင်းမြင်သာစွာဖြင့် သမဝါယမအသင်း၏ ရန်ပုံငွေကို စိစစ်ပြီး ရှင်းရှင်းလင်းလင်းဖြင့်

ပြည်သူများကို ချပြပေးမှသာ ပြည်သူများရဲ့ယုံကြည်မှုကို ပြန်လည်ရရှိလာမှာဖြစ်ပါတယ်။ အသင်းသား တွေဆိုတာ ပြည်သူတွေပါပဲ။ အသင်းသားညီလာခံလိုမျိုးပြုလုပ်ပြီး အသင်းသားများ၏အကြံဉာဏ် တွေကို ရယူရန်လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ သမဝါယမစနစ်သည် အပေါ်ယံကြည့်ရင် အများပိုင်ဆိုင်မှု၊ အသင်းသား ပိုင်ဆိုင်မှုလို့ထင်ရပေမဲ့ တကယ်တော့ အစိုးရက ချေးငွေကို အာမခံပေးထားတဲ့အတွက်ကြောင့် အစိုးရနဲ့လည်းသက်ဆိုင်နေပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ အစိုးရကို Check and Balance လုပ်ပေးရတဲ့တာဝန်ရှိတဲ့အတွက် သမဝါယမအသင်း၏ ငွေကြေးပိုင်ဆိုင်မှုကိုလည်း လွှတ်တော်ကိုယ်စားလှယ်မှ ထိန်းကျောင်းကြပ်မတ်ခွင့်ရှိရပါ့မယ်။ ဒါမှသာ ပြုလွယ်ပြောင်းလဲသင့်ရင် ပြောင်းလဲရမှာဖြစ်ပါတယ်။ သမဝါယမအသင်းသားတွေက ကိုယ်ပိုင်အကျိုးအမြတ်ဘယ်လောက်ရ တယ်ဆိုတာလည်း ဘာတွေပိုင်ဆိုင်ထားတယ်ဆိုတာ ရှင်းရှင်းလင်းလင်းမသိပါဘူး။ ဒါကို ပွင့်လင်း မြင်သာစွာချပြပေးရမှာဖြစ်ပါတယ်။ အသင်းတွေရဲ့ငွေကြေး၊ မြေယာအခန်းပိုင်ဆိုင်မှုတွေ ရှုပ်ထွေးနေပြီး တစ်ခေတ်တစ်ခါက သိမ်းဆည်းထားတဲ့ မြေယာတိုက်ခန်းတွေ အခုထိ မရှင်းနိုင်သေး တာလည်းရှိပါတယ်။ ဒါတွေကို အစိုးရသစ်လက်ထက်မှာ ဥပဒေမဲ့သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်ပေးအပ်လိုတဲ့ အစိုးရသစ်ရဲ့ မူဝါဒနှင့်ညီရဲ့လားလို့ ပြန်လည်ဆန်းစစ်စရာ ဖြစ်နေပါတယ်။ ဒါတွေကို အရင်မရှင်းလင်းထားဘဲ သမဝါယမအသင်းကို ပြန်လည်ပြုပြင်ပြောင်းလဲ မယ်ဆိုရင် အဆိပ်ပင်ကို ရေလောင်းသလို အဆိပ်သီးကိုသာ သီးလာနိုင်တာကြောင့် အဆိုကို အကြံပြုလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲလွင် ဖြစ်ပါတယ်။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတင်သွင်းတဲ့ သမဝါယမ ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှု များအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ အဆိုရှင်က အဆိုမှာအပိုင်း(၃)နဲ့ ဆွေးနွေးသွားတာတွေ့ပါတယ်။ မူဝါဒ၊ ရည်မှန်းချက်အပိုင်းရယ်၊ အကောင်အထည်ဖော်မယ့်အပိုင်း ရယ်၊ ဥပဒေပိုင်းဆိုင်ရာ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မယ့်အပိုင်းတွေကို ဆွေးနွေး ထားတာတွေ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအပိုင်း(၃)ပိုင်းကို ခြုံငုံပြီးတော့ အကြံပြုဆွေးနွေးမှာပဲ ဖြစ်ပါတယ်။ သမဝါယမလုပ်ငန်းဆိုတာ ငွေရင်းဖို့အခြေမပြု၊ အမြတ်ကြီးရမှုကို ရှေးမရှုဘဲ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေး တိုးတက်စေရန်၊ ကိုယ်ကျင့်တရားမပျက်ပြားစေရန်နှင့် သာတူ ညီမျှစီးပွားရေးတိုးတက်မှုကိုသာ ရှေးရှုသောလုပ်ငန်းဖြစ်တဲ့အတွက် ဒီမိုကရေစီနိုင်ငံအများစုမှာ လက်ခံဆောင်ရွက်နေတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သမဝါယမလုပ်ငန်းများက ထွက်ပေါ်လာတဲ့ အကျိုးအမြတ်များဟာ လူတစ်ဦးတစ်ယောက်စီ သို့မဟုတ် လူတစ်စုစီထံသို့သာ စုပုံသွားစေရသည်

မဟုတ်ဘဲ လူအများထံသို့သာ မျှတစွာသွားရမည်ဖြစ်ပြီး လုပ်ငန်းအများစုမှရရှိလာသော အမြတ်ငွေများကိုလည်း ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ခွဲဝေအသုံးပြုရတဲ့နည်းလမ်းပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့မှာ သမဝါယမအစည်းအရုံးများအမျိုးမျိုးကို ဖွဲ့စည်းထားကြပြီးတော့ နှစ်စဉ်နှစ်တိုင်း မိမိတို့နိုင်ငံအစီအစဉ်၌ သင့်လျော်သည့်နေ့တစ်နေ့ကို သမဝါယမနေ့ဆိုပြီး သတ်မှတ်ပြီး အထိမ်းအမှတ်ပွဲများကိုလည်း ကျင်းပခဲ့ကြပါတယ်။ ၁၈၉၅ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ ICA လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ကြီးရဲ့ ကြိုးပမ်းမှုကြောင့်ဖြစ်ပါတယ်။ ICA ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ လူတစ်ဦးတစ်ယောက်ကောင်းစားရေးထက် လူအများကောင်းစားရေးကို ရှေးရှုသော သမဝါယမလုပ်ငန်းများ ကမ္ဘာပေါ်တွင် ပြန့်ပွားထွန်းကားလာစေရန်ဖြစ်ပြီး ယခုအခါ နိုင်ငံပေါင်း ၉၅ နိုင်ငံမှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၂၄၈ ဖွဲ့က အဖွဲ့ဝင်အဖြစ် ပါဝင်လာကြပါတယ်။ မြန်မာနိုင်ငံရဲ့ သမဝါယမလှုပ်ရှားမှုတွေကလည်း ကမ္ဘာ့သမဝါယမလှုပ်ရှားမှုနဲ့ ထပ်ချပ်မကွာလိုက်ပါ လိုက်နိုင်ခဲ့ပါတယ်။ ၁၉၀၃ ခုနှစ်၊ အိန္ဒိယနိုင်ငံ ငတ်မွတ်ခေါင်းပါးမှုစုံစမ်းရေးကော်မရှင်အဖွဲ့က ဂျာမနီနိုင်ငံ၊ ရဖိုက်ဆင် သမဝါယမအသင်းပုံစံအရ ငွေစုငွေချေးအသင်းများဖွဲ့စည်းပြီးတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှာ ကျေးရွာဘဏ်များထူထောင်ရန် အစိုးရအား အကြံပေးထောက်ခံတင်ပြရာမှ ၁၉၀၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေ ပေါ်ထွက်လာခဲ့ပြီး ထိုအက်ဥပဒေအရ အိန္ဒိယနိုင်ငံအတွင်းမှာရှိတဲ့ ပြည်နယ်အားလုံးသို့ အကျိုးသက်ရောက်သဖြင့် ထိုကာလကိုလိုနီခေတ်မှာ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့ရပ်တည်နေရသော မြန်မာနိုင်ငံဟာ အကျိုးသက်ရောက်သည်ဖြစ်၍ ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့မှာ လယ်ယာစိုက်ပျိုးရေးချေးငွေထုတ်ပေးသော မြင်းမူငွေစုငွေချေး သမဝါယမအသင်းကို အသင်းသား ၉၀ ဦးဖြင့် မှတ်ပုံတင်ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမှာ သမဝါယမ သန္ဓေတည်ခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း သမဝါယမအစ မြင်းမူကဆိုပြီးတော့ စကားပေါ်ထွက်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ မြန်မာ့သမဝါယမအသင်းလှုပ်ရှားမှုများဟာ အတက်/အဆင်းများစွာနဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ မှေးမှိန်ခဲ့ရပါတယ်။ သို့အတွက် ခေတ်ကာလနဲ့လိုက်လျောညီထွေမှုရှိမယ့် ၁၉၉၂ ခုနှစ်၊ သမဝါယမ အသင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြသော်လည်း မြန်မာ့သမဝါယမအသင်းရဲ့ အကောင်းဆုံး ခေတ်ကာလဖြစ်သော ကိုလိုနီခေတ်နောက်ပိုင်းနဲ့ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ကုန်ဆုံးချိန်ကာလများက ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုအဆင့်ကဲ့သို့ရောက်ရှိလာခဲ့ခြင်းမရှိတော့ပါဘူး။ ဤသို့ဖြစ်ရသည်မှာ အတိတ်ကာလက လုပ်မှားကိုင်မှားများကြောင့်ဖြစ်ပြီး ဤဖြစ်စဉ်ဖြစ်ရပ်များက သမဝါယမရဲ့ သရုပ် Cooperative Identity ကို ပျက်ယွင်းစေတာဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ အတိတ်ရဲ့အကောင်းအဆိုး သင်ခန်းစာနှစ်မျိုးစလုံးကို ရယူပြီးတော့ သမဝါယမလုပ်ငန်းစဉ်များဖြစ်ထွန်းအောင်မြင်ရေးကို လက်တွေ့ကျကျဆောင်ရွက်နိုင်ဖို့အတွက် သမဝါယမဦးစီးဌာန၏ မူဝါဒနှင့်ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်။ မြန်မာနိုင်ငံမှ ဗဟိုသမဝါယမအသင်းအား ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ

လ ၇ ရက်နေ့က အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီးတဲ့နောက် ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေနဲ့အညီ သမဝါယမအသင်းများကို ပြုပြင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအလိုက် ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၃၃၁၀၆ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၄၃၃၂ သင်းနဲ့ ကုန်သွယ်မှုသမဝါယမအသင်း ၃၁၇၅ သင်းဖြစ်ပြီး သမဝါယမအသင်းပေါင်း ၄၀၆၁၃ သင်းကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အလုံမြို့နယ်မှာဆိုလို့ရှိရင် မြို့နယ်သမဝါယမအသင်းတစ်သင်း၊ အခြေခံသမဝါယမအသင်း ၃၉ သင်း ဖွဲ့စည်းထားရှိပြီးတော့ မြင်တဲ့အဆောက်အဦရှိတဲ့ သမဝါယမအသင်းက ၁၄ သင်းရှိပါတယ်။ အသုံးပြုမြေကွက် ၁၁ ကွက်နဲ့ ငှင်းမြေကွက်ပေါ်မှာ ဆောက်လုပ်ထားတဲ့ အသင်းပိုင်အဆောက်အဦကတော့ ၂၅ လုံးရှိပါတယ်။ ဒီသမဝါယမအသင်းနည်းဥပဒေ ၁၂ အပိုဒ် ၇၀ (ဃ)မှာ အသင်းရဲ့အရပ်ရပ်ဆိုင်ရာအစည်းအဝေးဟာ သမဝါယမအသင်းရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်ပြီး သမဝါယမအသင်းရဲ့ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်နိုင်ခွင့်ရှိကြောင်း အမှုဆောင်အဖွဲ့က အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ တာဝန်ခံ၍ အသင်း၏နေ့စဉ်လုပ်ငန်းများကို စီမံခန့်ခွဲရမှာဖြစ်ကြောင်း ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်တွေရဲ့အပေါ်မှာ စနစ်တကျစိစစ်ကြပ်မတ်ဖို့တာဝန်ရှိသူ အဆင့်ဆင့်မှာတာဝန်ရှိပါတယ်။ မြန်မာနိုင်ငံမှ ဗဟိုသမဝါယမအသင်းအနေနဲ့လည်း စိုက်ပျိုးရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ဖို့အတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနဲ့ လယ်ယာထုတ်ကုန်များမြှင့်တင်နိုင်ဖို့အတွက် China Exim Bank မှ ငွေချေးသမဝါယမအသင်းများရဲ့ အသင်းသားရဲ့စုဆောင်းချေးငွေများကို ဆောင်ရွက်ခြင်းသာ တွေ့ရှိရပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့သမဝါယမ နိုင်ငံတော်ရဲ့ ရည်မှန်းချက်များ အကောင်အထည်ဖော်ဖို့၊ ဆောင်ရွက်ဖို့အတွက် ပြည်သူတို့ရဲ့လိုအပ်ချက်နဲ့အညီ ဆီလျော်သော သမဝါယမလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာစေဖို့အတွက် ဒီအဆိုကို အကြံပြုထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းရဲ့ မြန်မာ့သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုတွေကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးပါမယ်။ ရှုထောင့်အသီးသီးကနေပြီးတော့ ဆွေးနွေးတင်ပြသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ ကောင်းမွန်တဲ့အကြံပြုသုံးသပ်ချက်များဟာလည်း

မှတ်သားဖွယ်ရာဖြစ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမဝန်ကြီးဌာနအနေနဲ့ လွတ်လပ်ရေးရပြီး ၁၉၅၁ ခုနှစ်၊ ဧပြီလ ၅ ရက်ကတည်းက ဝန်ကြီးဌာနအဖြစ် သန္ဓေတည်ခဲ့ပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာတော့ အတိတ်က အရိပ်ဆိုးလွှမ်းမိုးမှုနဲ့ ကြီးပြင်းလာခဲ့တဲ့သမဝါယမဟာ သီးခြားဝန်ကြီးဌာနမရှိတော့ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖွဲ့စည်းပြီးတဲ့နောက် ဝန်ကြီးဌာနအောက်က ဦးစီးဌာနတစ်ခုအနေနဲ့သာ ပါဝင်တည်ရှိလာခဲ့တဲ့အခြေအနေ ဖြစ်ပါတယ်။ ဆန်းစစ်လိုက်ရင် ယနေ့အထိ သမဝါယမရဲ့ကဏ္ဍဟာ သူရဲ့ရပ်တည်မှုအနေနဲ့ ၆၇ နှစ်အထိ ရှိခဲ့ပြီဆိုတာကို တွေ့ရပါတယ်။ သမဝါယမကဏ္ဍကို ထိန်းကျောင်းဆောင်ရွက်နေတဲ့ သမဝါယမဦးစီးဌာနဟာ ပြဋ္ဌာန်းထားတဲ့ သမဝါယမဥပဒေပါ အခြေခံမူတွေနှင့်အညီ သမဝါယမအသင်းတွေကို ဖွဲ့စည်းပေးမှုနဲ့ ပညာပေးခြင်း၊ စာရင်းစစ်ဆေးခြင်းအပါအဝင် ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရသစ်လက်ထက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒနှင့်အညီ ချမှတ်အကောင်အထည်ဖော်တဲ့ ဝန်ကြီးဌာနရဲ့ကဏ္ဍအလိုက် ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်တွေအနက်မှ သမဝါယမအနေနဲ့ကတော့ ရည်မှန်းချက်သုံးရပ်နဲ့ မူဝါဒငါးရပ်နဲ့၊ လုပ်ငန်းစဉ်ကိုးရပ်တို့ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမအသင်းတစ်သင်းဖွဲ့စည်းတယ်ဆိုတာ အားလုံးသိမြင်တဲ့အတိုင်းပါပဲ။ တစ်ဦးတစ်ယောက်ကိုမှ အခြေခံထားခြင်းမဟုတ်ဘဲနဲ့ ဒေသတစ်ခုမှာရှိတဲ့ ဆန္ဒတူသူများ အတူတကွလက်တွဲလုပ်ငန်းဆောင်ရွက်ဖို့ အသင်းသားအဖြစ်ပါဝင်မယ့်သူအများစုရဲ့ဆန္ဒကို အခြေခံပြီး တည်ဆဲသမဝါယမဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမဝါယမဦးစီးဌာနက အသင်းဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သမဝါယမအသင်းများအနေနဲ့ အသင်းရဲ့ဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ဖွဲ့စည်းရာမှာလည်းပဲ စတင်ဖွဲ့စည်းစဉ်ကတည်းက အသင်းသားတွေရဲ့ဆန္ဒနှင့်အညီ ဖွဲ့စည်းထားရတာဖြစ်ပါတယ်။ အသင်းသားတစ်ဦးချင်းရဲ့ပါဝင်ဆောင်ရွက်နိုင်မှု Member Participation ဟာ အလွန်အရေးကြီးပါတယ်။ ဒါမှလည်း ဒီအသင်းရဲ့အမှုဆောင်အဖွဲ့က တာဝန်တစ်ခုတည်းနဲ့ လည်ပတ်ခြင်းမဟုတ်ဘဲနဲ့ အသင်းတစ်ခုလုံးအနေနဲ့ အစုအဖွဲ့အလိုက်ဖွံ့ဖြိုးမှု (Community Development)ရရှိလာမှာဖြစ်ပါတယ်။ ဒ့ါအပြင် သမဝါယမအသင်းများအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒနှင့် လိုက်လျောညီထွေရှိဖို့လည်း လိုအပ်လာပါတယ်။ ဒါကြောင့် သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်လာဖို့ အထောက်အကူပြုဖြစ်စေမယ့်လုပ်ငန်းစဉ်တွေကို ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့အခြေခံကျတဲ့လယ်ယာစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ထားပြီး ယင်းတို့၏အဓိကလိုအပ်ချက်နဲ့ အရင်းအနှီး၊ ငွေကြေး၊ (Financial Support)ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှုနှင့်အတူ လယ်ယာအထောက်အကူပြုအသင်းများအပြင် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု သမဝါယမအသင်းတွေကို စတင်ဆောင်ရွက်ခဲ့တဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်

ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းစဉ်တွေအရ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် မိမိတို့တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ယခုအချိန်မှာ သမဝါယမအသင်းပေါင်း ၄၀၆၀၀ ကျော်၊ အသင်းသားစုစုပေါင်းဟာ ၄.၃ သန်းနဲ့ဖွဲ့စည်းဆောင်ရွက်ထားမှုရှိပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေကိုလည်းပဲ ကျပ် ၅၃၄.၄၇ ဘီလီယံထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အစိုးရသစ်လက်ထက်အသင်းသားတောင်သူတွေရဲ့လယ်ယာကဏ္ဍလိုအပ်ချက်ဖြစ်တဲ့ ထွန်စက်အမျိုးမျိုးနဲ့ ရိတ်သိမ်းခြွေလှေ့စက်စတဲ့ လယ်ယာသုံးကိရိယာအမျိုးမျိုးတို့ကိုလည်းပဲ ဖြည့်ဆည်းရောင်းချမှု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာမြေအဆင့်မြှင့်တင်လုပ်ငန်းအတွက် လိုအပ်တဲ့ ချေးငွေများ၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းအဖြစ် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်ဝန်ဆောင်မှုလုပ်ငန်းတွေကို သမဝါယမအသင်းပေါင်း ၁၄၀ ကနေ ဆောင်ရွက်ခွင့်ပေးနိုင်အောင် စီမံဆောင်ရွက်ထားတဲ့ အခြေအနေဖြစ်ပါတယ်။ အလားတူ မျိုးစေ့ထုတ် သမဝါယမအသင်းတွေကိုလည်းဖွဲ့စည်းပြီး သီးနှံမျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့တွေကိုလည်းပဲ ထုတ်လုပ်ပေးတဲ့အခြေအနေဖြစ်ပါတယ်။ နိုင်ငံတကာသမဝါယမအဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းပြီးတော့ ပူးပေါင်းပြီး သမဝါယမရဲ့အသိအမြင်တွေ ပိုမိုတိုးတက်ပြီးတော့ ကျယ်ပြန့်လာဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲတွေနှင့်သင်တန်းတွေကိုလည်း၊ စာတမ်းဖတ်ပွဲတွေကိုလည်း ဆောင်ရွက်ပေးတဲ့အခြေအနေရှိပါတယ်။ အဓိကအားဖြင့် သမဝါယမပညာပေးရေးကဏ္ဍမှာ ဌာနဝန်ထမ်းတွေအပြင်၊ အသင်းဝန်ထမ်းများပြင်ပသင်တန်းသားတွေ စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် သင်တန်းများလည်း ပို့ချပေးလျက်ရှိပါတယ်။ သမဝါယမရဲ့အနှစ်သာရနှင့် အကျိုးဖြစ်ထွန်းမှုကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ ပြည်သူများအသိပညာပေးဖြန့်ဝေတဲ့ Public Awareness တွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် စည်းရုံးပညာပေးဆောင်ရွက်တဲ့အခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဝါဒလုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တွေ မည်သို့ပင်ကောင်းစေကာမူယင်းအပေါ်မှာအကောင်အထည်ဖော်ရတဲ့ လူတွေရဲ့ စွမ်းဆောင်ရည်အားရဲ့အပေါ်မှာ အများကြီးတည်မှီနေတဲ့ အခြေအနေဖြစ်ပါတယ်။ သမဝါယမစနစ်အမှန်တကယ် အားကောင်းခိုင်မာစွာနဲ့ရပ်တည်ရှင်သန်နိုင်ဖို့ဆိုရင် လုပ်ငန်းရပ်တွေရဲ့ အားနည်းချက်တွေကို သင်ခန်းစာယူပြီးတော့သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအတွက်ကိုလည်းပဲ စောင့်ကြည့်စိစစ်တဲ့ Monitoring and Evaluation အကဲဖြတ်ခြင်းတို့နဲ့ စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်မှုနဲ့ တွေ့ကြုံရတဲ့အတွေ့အကြုံတွေ၊ အခြေအနေအပေါ်မှာမူတည်ပြီး လိုက်နာဆောင်ရွက်ပြုပြင်သင့်တဲ့ အနေအထားတွေကိုလည်းပဲ ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ဥရောပသမဂ္ဂရဲ့ EU ရဲ့အကူအညီနဲ့ အဆိုပါ Monitoring and Evaluation နဲ့ပတ်သက်တဲ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း မိမိတို့ရဲ့ သင်တန်းသားတွေကိုလည်းပဲ အရာထမ်းဝန်ထမ်းများကိုလည်းပဲ ပို့ချဆောင်ရွက်မှုအခြေအနေမျိုးကိုလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်ကာလမှာ သမဝါယမကဏ္ဍနှင့်စပ်လျဉ်းပြီး ရည်မှန်းချက်၊ မူဝါဒနှင့်လုပ်ငန်းစဉ်တွေဟာ လက်ရှိနိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးဆိုင်ရာမူဝါဒများနှင့်လိုက်လျောညီထွေရှိဖို့အတွက် အကောင်အထည်ဖော်တဲ့အပိုင်းမှာလည်းပဲ ကြီးကြပ်ကွပ်ကဲ စိစစ်

သုံးသပ်တဲ့အနေအထားများရှိတဲ့အတွက် ဒီအခြေအနေတွေအပေါ်မှာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနေတဲ့ အနေအထားရှိလေအောင် လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုတဲ့ ဒီအဆိုအပေါ်မှာ မှတ်တမ်းတင်ထားနိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါ်ဝင့်ဝါထွန်း(ရှားတော့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင့်။ ဒီနေ့ကျွန်မတင်သွင်းတဲ့အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးပေးခဲ့ကြတဲ့ ကျွန်မတို့ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာနဲ့ ကျွန်မတို့ကျန်သော အဘက်ဘက်က ရှုထောင့်ပေါင်းစုံကနေ ဝိုင်းဝန်းပြီးတော့ ဆွေးနွေးပေးခဲ့ကြတဲ့ ကိုယ်စားလှယ် ၁၃ ဦးနှင့် ကျွန်မတို့ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်တွေကို အသေးစိတ်ရှင်းလင်းပြသပေးသွားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်မဒီအဆိုကို စတင်တင်သွင်းကတည်းကိုက ကျွန်မရဲ့ ရည်ရွယ်ချက်မှာ အပိုင်းသုံးပိုင်းပါပါတယ်ရှင်။ ကျွန်မတို့မြန်မာနိုင်ငံမှာ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေကြတဲ့ မည်သည့်စီမံကိန်းလုပ်ငန်းကိုမဆို ကျွန်မတို့စပြီးတော့မှ စတင်အကောင်အထည်ဖော်ကတည်းကိုက မူဝါဒတွေချမှတ်ရမယ်။ မူဝါဒအပေါ်မှာ နောက်ဆက်တွဲ ကျွန်မတို့လုပ်ငန်းစဉ်တွေပါလာရမှာဖြစ်ပါတယ်။ ဒီရည်မှန်းချက်၊ မျှော်မှန်းချက် လုပ်ငန်းစဉ်တွေဟာ လုပ်ကိုင်ဆောင်ရွက်ကြတဲ့ အခါမှာ လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်းမှာ အမှန်တကယ်အောင်မြင်မှုရှိပြီလားဆိုတဲ့ ကျွန်မတို့ Monitioring and Evaluation ဆိုတဲ့ ကျွန်မတို့ ပြန်လည်စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်တွေဟာ မဖြစ်မနေ၊ မလွဲမသွေလုပ်ကိုလုပ်ရမည့်ကိစ္စရပ်တွေဖြစ်ပါတယ်။ အဲဒီပေါ်ကနေမူတည်ပြီးတော့မှ လိုအပ်တဲ့ ပံ့ပိုးမှုတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပံ့ပိုးမှုလို့ပြောတဲ့အခါမှာ ငွေကြေးဆိုတဲ့ပံ့ပိုးမှုထက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုဆိုတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်မတို့လိုအပ်တဲ့ ပံ့ပိုးမှုအဆင့်ဆင့်ကို လုပ်ကိုင်ဆောင်ရွက်မှာဖြစ်သလို အဲဒီကနေမှတစ်ဆင့် ရရှိလာတဲ့ အားနည်းချက်၊ အားသာချက်တွေအပေါ်မှာ ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်ရမှာဖြစ်တယ်လို့ ကျွန်မအနေနဲ့ ယုံကြည်လက်ခံတဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုကိုတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒီလိုတင်သွင်းတဲ့အခါမှာ ဒီနေ့ ဆွေးနွေးချက်တွေအပေါ်မှာ မူတည်ပြီးတော့မှ ကျွန်မတို့သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးကနေပြီးတော့မှ ကိုယ်စားလှယ်အသီးသီးရဲ့ ဆွေးနွေးချက်တွေအပေါ်မှာ ရရှိလာတဲ့အချက်တွေဟာ ပြန်လည်ဆန်းစစ်သုံးသပ်တဲ့အစိတ်အပိုင်းမှာ အရေးကြီးသောအစိတ်အပိုင်းကနေ ပါဝင်သွားမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ ထို့အတူပဲ ကျွန်မတို့ ဒီနေ့ဆွေးနွေးချက်ကနေ ရရှိလာတဲ့ အရေးကြီးတဲ့အပိုင်းသုံးပိုင်းကို ကျွန်မမြင်ပါတယ်။ ပထမတစ်ပိုင်းကတော့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ၊ မူဝါဒတွေအပေါ်မှာ ပြန်လည်ဆန်းစစ်သုံးသပ်ဖို့လိုအပ်တယ်လို့ ထောက်ခံတဲ့ပုဂ္ဂိုလ်ရှိသလို အလုံးစုံဖျက်သိမ်းရေးဆိုတဲ့ဘက်ကို ဆွေးနွေးကြတဲ့ပုဂ္ဂိုလ်တွေလည်းရှိပါတယ်။ ထို့အတူပဲ ပုံသဏ္ဌာန်ပြောင်းလဲပြီးတော့မှ ဆောင်ရွက်သင့်တယ်လို့ အကြံပြုတဲ့ပုဂ္ဂိုလ်ရှိပါတယ်ရှင်။ ဒီ Option သုံးခု ထွက်လာခြင်းကသာလျှင် ဒီနေ့အဆိုတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်တယ်

လို့ ကျွန်မအနေနဲ့ ယုံကြည်လက်ခံပါတယ်။ ဒီအတွက်ကြောင့်မို့လို့ လက်ရှိပြည်ထောင်စုအစိုးရအနေနဲ့လည်း ကျွန်မအဆိုရှင်ရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူလူထုကိုဗဟိုပြုတဲ့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ပေးနိုင်ဖို့အတွက် အထောက်အပံ့ဖြစ်စေနိုင်တဲ့ သမဝါယမစနစ်အောင်မြင်ဖြစ်ထွန်းဖို့ရန်အတွက် ကျွန်မတို့ လိုအပ်နေတဲ့လိုအပ်ချက်တွေ၊ အားနည်းချက်၊ အားသာချက်တွေကို ကျွန်မတို့ လေ့လာဆန်းစစ်သုံးသပ်မှုတွေ ပြုလုပ်နေတယ်လို့လည်း ကျွန်မအနေနဲ့ ကြားသိမြင်တွေ့ခဲ့ရပါတယ်။ ဒီအတွက်ကြောင့်ကိုလည်း ကျွန်မအနေနဲ့ ကျေနပ်ပါတယ်ရှင်။

ထို့အတူပဲ ကျွန်မတို့ကိုယ်စားလှယ်တော်အသီးသီးက ဆွေးနွေးသွားတဲ့ ဆွေးနွေးချက်တွေအပေါ်ကနေပြီးတော့မှ ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ပြီးတော့မှ အမှန်တကယ် ကျွန်မတို့ မြန်မာနိုင်ငံကြီးအောင်မြင်ဖြစ်ထွန်းတဲ့နိုင်ငံတစ်ခုဖြစ်ဖို့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတည်ထောင်ဖို့ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်နိုင်တဲ့ လူထုအမှန်တကယ်ပူးပေါင်းပါဝင်နိုင်တဲ့စနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်မည့်ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်ပေးနိုင်မယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ ဒီလိုမျှော်လင့်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးကနေပြီးတော့မှ မှတ်တမ်းတင်စောင့်ကြည့်ပေးစေချင်ပါတယ်ရှင်။ ထို့အတူပဲ ကျွန်မတို့ ဒီနေ့ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်အသီးသီးရဲ့ ဆွေးနွေးချက်တွေက ကျွန်မတို့ဌာနက ပုဂ္ဂိုလ်တွေကလည်း ဒါကိုအလေးအနက်ထားပြီးတော့မှ သတိပြုပြီးလိုက်နာဆောင်ရွက်ပေးစေချင်ပါတယ်။ ဒီလိုပဲအသင်းသား၊ အသင်းဝင်တစ်ဦးစီးတစ်ဦးစီကလည်း ဒီနေ့ဆွေးနွေးချက်တွေအပေါ်မှာ အလေးအနက်ထားပြီးတော့မှ လိုက်နာပူးပေါင်းပါဝင်ဆောင်ရွက်စေချင်ပါတယ်လို့ ကျွန်မအနေနဲ့ ပြောကြားရင်း ကျွန်မရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အဆိုအားမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ဝင့်ဝါထွန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၃း၀၅ အချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၁၀.၈.၂၀၁၈) ရက်နေ့တွင်
မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Hla Kyaw U Myint Oo



U Hla Kyaw Daw Khin Hnin Thit



Dr Tun Naing U Win Win



Dr Tun Naing U Myat Lay Oo



Dr Tun Naing U Nay Myo Htet



Dr Tun Naing U Khon Than Htoo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်